www.burmeseclassic.com

ရဝေနွယ် (အင်းမ)

အမြဲစီးဆင်းနေသော မြစ်တစ်စင်းအကြောင်း

BURMESE CLASSIC .com

ဓမ္မအမြုတေစာစဉ်(၇)

ရဝေနွယ် (အင်းမ)

# အမြဲစီးဆင်းနေသော မြစ်တစ်စင်းအကြောင်း

www.burmeseclassic.com

www.burmeseclassic.com

အမြဲစီးဆင်းနေသော မြစ်တစ်စင်းအကြောင်း

# ရဝေနွယ် (အင်းမ)

ပင်ရင်း

**New Day**

အမှတ်(၁၄၈)၊ လမ်း – ၅၀(ထက်)၊ ရန်ကုန်မြို့။

ဖုန်း – ၂၀၁၄၃၇၊ ၂၉၈၆၄၂

ဖြန့်ချိရေး

**နေလစာပေ**

အမှတ်(၂၁၆)၊ ၃၁-လမ်း(ထက်)၊ ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း - ၇၀၃၈၂၃

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက် | ၃၂၀၁၈၇၀၅၀၃ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၂၈၀၀၅၀၅ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| | ၂၀၀၅ခုနှစ်၊ သြဂုတ်လ |
| အုပ်ရေ | ၃၀၀၀ |
| မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း | ဗဂျီလင်းဝဏ္ဏ |
| အတွင်းဖလင် | အေဇက် (ကိုသစ်) |
| ကာလာခွဲ | New Day |
| ထုတ်ဝေသူ | ဦးကျော်ဟိုင်း |
| | ယုံကြည်ချက်စာပေ |
| | အမှတ်(၁၁၁)၊ ၃၃–လမ်း၊ |
| | ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့် |
| | ရာပြည့်အော့ဖ်ဆက် |
| | အမှတ်(၁၉၉)၊ လမ်း ၅၀၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | နေလစာပေ |
| | အမှတ်(၂၁၆)၊ ၃၁–လမ်း၊ |
| | ပန်းဘဲတန်းမြို့နယ်၊ |
| | ရန်ကုန်မြို့။ ဖုန်း – ၇၀၃၈၂၃ |
| စာအုပ်ချုပ် | ကိုမြင့် |
| တန်ဖိုး | ၃၀၀ |


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တဒင်္ဂထဲက တစ်ခဏဘဝ | ၆ |
| ၂။ | အမြဲစီးဆင်းနေသော မြစ်တစ်စင်းအကြောင်း | ၁၅ |
| ၃။ | အိပ်မက်ပါသော ခြေလှမ်းများ | ၂၅ |
| ၄။ | ပျံလွန်တော်မူသွားသော ဦးဇင်းလေးတစ်ပါးအကြောင်း | [illegible] |
| ၅။ | အရှေ့ကို လျှောက်ပါလို့ | ၅၄ |


www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူရဲ့ အမှာ

စာစရေးတော့ ကဗျာနဲ့ ဝတ္ထုကို အရင်စရေးဖြစ်တာပါ။ နောက်ပိုင်းမှာတော့ ဆောင်းပါးတွေပဲ တောက်လျှောက် ရေးဖြစ်ခဲ့ပါတယ်။ ဆောင်းပါးတွေပဲ ရေးဖြစ်နေပေမယ့် တစ်ခါတလေတော့လည်း ကဗျာနဲ့ဝတ္ထုလေးတွေကို သတိရနေဖြစ်ပါတယ်။ ဒါပေမယ့် ဒီအချိန် ဒီအနေအထားမှာတော့ ကဗျာက ရေးလို့မသင့်လှတော့ပါဘူး။ ကဗျာရေးလို့ မသင့်တော့ပေမယ့် ဝတ္ထုကတော့ ရေးမယ်ဆိုရေးလို့ ရပါသေးတယ်။ ဝတ္ထုဆိုပေမယ့်လည်း သိပ်လောကီဆန်ဆန်ကြီးတော့ ရေးလို့ မသင့်ပြန်ပါဘူး။ ဓမ္မသဘောနှယ်တဲ့ ဝတ္ထုလေးတွေပဲ ရေးလို့ သင့်ပါတော့တယ်။

ကဗျာကတော့ ထားလိုက်ပါတော့။ ဝတ္ထုနဲ့ ဆောင်းပါး ဘာကွာသလဲဆိုရင် ဆောင်းပါးက အရှိကို အရှိအတိုင်းပဲ ရေးခွင့်ရှိပြီး၊ အတွေးအခေါ်တချို့ ရောမွှေပြီး ရေးရတာပါ။ ဝတ္ထုကျတော့ အဲဒီလိုမဟုတ်တော့ဘဲ ကိုယ့်ခံစားမှု ခံစားချက်တွေကို အခြေခံပြီး ဓမ္မသဘောတချို့ ထည့်ပြီးရေးရတာပါ။ ဒါက ဘာသာရေးနယ်ပယ်ထဲမှာ နေနေတဲ့၊ ဘာသာရေးစာပေတွေ ရေးနေတဲ့ စာရေးသူအနေနဲ့ ပြောတာပါ။

ဆိုလိုတာကတော့ ဝတ္ထုမှာ ကိုယ့်ရဲ့ခံစားချက်ကလေးတွေ ကြိုက်သလောက် ထည့်ရေးလို့ ရပါတယ်။ ဆောင်းပါးမှာတော့ အဲဒီလိုရေးခွင့် သိပ်မသာပါဘူး။

ဒီစာရေးသူလည်း ပုထုဇဉ်ပဲလေ၊ ရင်ထဲမှာ ပြောပြခွင့်မသာတဲ့ ခံစားချက်ကလေးတွေတော့ ရှိတာပေါ့။ ဒီခံစားချက်ကလေးတွေကို ဝတ္ထုအဖြစ် ဖန်တီးချင်တာပေါ့။ ဒါပေမယ့် ကိုယ်က ရဟန်းလေ၊ ခံစားချက်တွေ အကုန်ထုတ်ပြလို့ ဘယ်သင့်တော်ပါ့မလဲ။ ဒါလည်း ဆင်ခြင်ရပါသေးတယ်။ ဘာပဲပြောပြော ပြောပြလို့ရတဲ့ ခံစားချက်တချို့ကိုတော့ ဝတ္ထုလေးတွေအဖြစ် ရေးပြလိုက်ပါတယ်။ ဖတ်ကြည့်လိုက်ပါဦး။

အရှင်ရာဇိန္ဒ(ရဝေနွယ်–အင်းမ)

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

## တဒင်္ဂထဲက တစ်ခဏဘဝ

လှမ်းနေသောသူ၏ခြေလှမ်းများသည် တုံ့ကန်ရပ်သွားပါသည်။ ရေချိုးပြီးစ အပေါ်ဗလာကျင်းကျင်းသည် အနည်းငယ် ချမ်းစိမ့်စိမ့် ရှိနေသော်လည်း ထိုအချမ်းသည် ရေချိုးခန်းပြတင်းပေါက်မှ ဝင်လာသော အသံအာရုံကို မလွှမ်းမိုးနိုင်တော့ပါ။

◈◈◈

ဆင်းရဲရင်လည်း နှစ်တစ်ရာပဲ
ဌေးရရင်လည်း နှစ်တစ်ရာပဲ
ဘယ်လိုနိဒါန်းစစ လမ်းဆုံးအတူတူပါ
ထာဝစဥ် ထာဝရတော့ မရှိပါဘူး
ကံကြမ္မာရယ် လမ်းပြလို့ရှေ့ကခေါ်မယ်
ဘယ်လိုဘယ်နည်းနဲ့ ခေါင်းခါမလဲ
သွားပေါ့လာပေါ့ လူ့ခရီးကို

www.burmeseclassic.com

www.burmeseclassic.com



ဆင်းလိုက်တက်လိုက် တဒင်္ဂမှာပဲ
တမလွန်ဟာ အားလုံးအတွက် တစ်နေ့တစ်ရက်မှာပါ
ဘယ်သူအရင်သွားမလဲ မပြောနိုင်ဘူး
အရာရာဟာ အနိစ္စရဲ့ ဖဝါးအောက်မှာပါ
ရောင်နီဟာ တစ်ချိန်တော့ ဆည်းဆာပဲ
လင်းလိုက်မှောင်လိုက် တဒင်္ဂမှာ
ဖြစ်သမျှ ပျက်သမျှ ရေတစ်ပွက်ပါပဲ

◈ ◈ ◈

သည်မှာတင် အသံက ဆုံးသွားသည်။ အသံ၏ အစကို မမီလိုက်၊ စိတ်ထဲက မသိမသာ အသံကို ဆက်လက်ငံ့လင့်နေ မိသော်လည်း အသံက ဆက်ပေါ်မလာတော့၊ သီချင်းသံသည် သီချင်းစာသားထဲကအတိုင်း "လင်းလိုက်မှောင်လိုက် တဒင်္ဂမှာ ဖြစ်သမျှ ပျက်သမျှ ရေတစ်ပွက်ပါပဲ"ဟု ဆိုရမလိုပင်။

သီချင်းသည် သူနဲ့လုံးဝမအပ်စပ်သော်လည်း ထိုသီချင်းလေးကိုတော့ သူ စိတ်ဝင်စားမိသည်။ နေရာသစ်မှာ သီချင်းက အရင်လာမိတ်ဆက်နေဟန်ထင်သည်။

ဘာတဲ့ ... "ဆင်းရဲရင်လည်း အနှစ်တစ်ရာပဲ၊ ငွေးရရင်လည်း အနှစ်တစ်ရာပဲ"တဲ့။

ဟုတ်တယ်လေ၊ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ အနှစ်တစ်ရာထက် ပိုမဆင်းရဲနိုင်သလို ဘယ်လောက်ပဲ ချမ်းသာချမ်းသာ အနှစ်တစ်ရာထက် ပို၍မချမ်းသာနိုင်၊

BURMESE CLASSIC .com



အဆိုတော်က အနှစ်တစ်ရာဟု ဆိုထားသော်လည်း နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ်နှင့်လည်း ဆင်းရဲချမ်းသာ နိဂုံးချုပ်သွားနိုင်ပါသည်။ ချုပ်လည်း ချုပ်နေကြသည်သာ။

အဲဒါကိုပဲ ဆင်းရဲချမ်းသာကိုအမှီပြုပြီး အမုန်းတွေ၊ မနာလိုမှုတွေ ထားနေကြသေးသည်။

"ဘယ်လိုနိဒါန်းစစ လမ်းဆုံးအတူပါ"တဲ့။

ဆင်းရဲချမ်းသာနှင့်ပဲစစ၊ ဂုဏ်ရှိဂုဏ်မဲ့နှင့်စစ၊ ရာထူးဌာနန္တရ အနိမ့်အမြင့်နှင့်ပဲစစ၊ လမ်းဆုံးကတော့ အတူတူပါပဲလေ။ သေခြင်းတရားကို ရှောင်လွှဲလို့မှ မရတာ။

"တမလွန်ဟာ အားလုံးအတွက် တစ်နေ့တစ်ရက်မှာပါ
ဘယ်သူအရင်သွားမလဲ မပြောနိုင်ဘူး
အရာရာဟာ အနိစ္စရဲ့ဖဝါးအောက်မှာပါ
ရောင်နီဟာ တစ်ချိန်တော့ ဆည်းဆာပါ"

◈ ◈ ◈

ပစ္စည်းကိုအမှီပြုပြီး မာနတွေဖြစ်နေကြသည်။
ပညာကိုအမှီပြုပြီး မာနတွေဖြစ်ကြသည်။
အောင်မြင်မှုကိုအမှီပြုပြီး မာနတွေဖြစ်ကြသည်။
ရာထူးကိုအမှီပြုပြီး မာနတွေဖြစ်ကြသည်။
ပြီးတော့ တစ်ဆင့်တက်ပြီး တစ်ဦးနှင့်တစ်ဦး မုန်းနေကြပြန်သည်။

အာဃာတတွေ၊ ဣဿာမစ္ဆရိယတွေ စသည် စသည်

www.burmeseclassic.com

www.burmeseclassic.com



... မရေတွက်နိုင်သော အကုသိုလ်စိတ်တွေ။

မသိနိုင်သည့် တစ်နေ့နေ့မှာ သေကြရမှာ သိနေကြလျက် ဘာဖြစ်လို့ တစ်ဦးနှင့်တစ်ဦး မုန်းနေကြပါလိမ့်။ ဘာဖြစ်လို့ ဣဿာမစ္ဆရိယတွေ ထားနေကြပါလိမ့်။ ဘဝတစ်ခုမှာ တဒင်္ဂလေး တွေ့ကြခြင်းဖြစ်သည်။ တဒင်္ဂထဲက တစ်ခဏဘဝလေးမှာ အချစ်တွေနှင့်သာ နေလိုက်ဖို့ ကောင်းသည်။ စိတ်ကောက်လိုက်၊ ဝန်တိုလိုက်၊ မုန်းလိုက်၊ နာကြည်းလိုက်နှင့် ဘဝကို အချိန်ကုန်မသွားချင်ပါ။

ကိုယ်လည်း အရင်သေသွားနိုင်သလို၊ သူလည်း အရင်သေသွားနိုင်သည်။

တကယ်တွက်ကြည့်လျှင် နေရမယ့်အချိန်က ဘာမှမကျန်တော့၊ မသေခင်လေးမှာ အချစ်တွေနှင့်သာ နေသင့်ပါသည်။ အရာရာ အချစ်နှင့်တွေး၊ အချစ်နှင့်ပြော၊ အချစ်နှင့်ပြုနေလျှင် သက်ရောက်မှုအားလျော်စွာ ဝန်းကျင်ကလည်း ကိုယ့်ကိုအချစ်နှင့် ပြန်တုံ့ပြန်နေပါလိမ့်မည်။

ကိုယ်က ဝန်းကျင်ကို မုန်းနေလျှင် ဝန်းကျင်ကလည်း ကိုယ့်ကို ပြန်မုန်းပေလိမ့်မည်။ ထိုသို့သိနေကြပါလျက် လူတွေ ဘာဖြစ်လို့ မုန်းနေကြပါလိမ့်၊ ပြီးတော့ မသေမှာ ကျနေတာပဲ။ သေသွားမှ နောင်တရနေမည်ဆိုလျှင်တော့ ထိုနောင်တသည်ကော အသုံးဝင်ပါဦးမည်လား။ နောင်တများစွာတွင် သေခြင်းနှင့်နွယ်သော နောင်တသည် ပြန်လည်အစားထိုး၍ မရသော ဆုံးရှုံးမှုကြီးဖြစ်သည်။



သူသည် ထိုအတွေးများကို စကားလုံးမဲ့စွာ တွေးနေမိသော်လည်း သူ့အပေါ်ကျေးဇူးများခဲ့သော လူတစ်ယောက်ကိုတော့ သူ ကောင်းကောင်းမုန်းခဲ့ဖူးပါသည်။

သည်တုန်းက သူငယ်ချင်းက သူ့ကို ဝတ္ထုလေးတစ်ပုဒ်ပြောပြဖူးပါသည်။ **“ဆမ်းမားဆက်မွန်”**၏ ဝတ္ထုလေးဟု ဆိုရပါမည်။

◈ ◈ ◈

တစ်ခါက ဘဂ္ဂဒက်မြို့တွင် ကုန်သည်ကြီးတစ်ယောက် ရှိသည်။ တစ်နေ့တော့ ကုန်သည်ကြီးက သူ့တပည့်တစ်ယောက်ကို စျေးဝယ်ဖို့ စျေးကိုလွှတ်လိုက်သည်။ မကြာခင်မှာပဲ တပည့်ဖြစ်သူ မျက်စိပျက် မျက်နှာပျက်နှင့် ပြန်ရောက်လာသည်။ ပြီးတော့ သခင်ကုန်သည်ကြီးကို တုန်တုန်လှုပ်လှုပ်နှင့် စကားဆိုသည်။

“သခင်ရယ် ကျွန်တော် စျေးထဲမှာ အမှတ်တမဲ့ အမျိုးသားတစ်ယောက်နဲ့ ဝင်တိုက်မိကြတယ်၊ ကြည့်လိုက်တော့ သေမင်းဖြစ်နေပါတယ်၊ ပြီးတော့ သူက ကျွန်တော့်ကို စူးစူးဝါးဝါးနဲ့ ပြန်ကြည့်နေပါတယ်၊ အဲဒါ သေမင်းနဲ့ နောက်တစ်ခါပြန်တွေ့ရမှာ အလွန်ကြောက်နေပါတယ်၊ ကျွန်တော့်ကို သခင့်ရဲ့အပြေးအမြန်ဆုံး မြင်းတစ်ကောင် ခဏငှားပါ၊ ကျွန်တော် မသေချင်သေးဘူး သခင်၊ ကျွန်တော် အသက်ဆက်ရှင်ဖို့ သေမင်းရှာမတွေ့နိုင်တဲ့ ဟိုးအဝေးကြီးမှာရှိတဲ့ “ဆမ်မာရာ”ကို ပြေးပါမယ်”

www.burmeseclassic.com

www.burmeseclassic.com



သခင်ကုန်သည်ကြီးကလည်း ကျေးဇူးရှိထားသည့် တပည့်ကို အပြေးကောင်းသော မြင်းတစ်ကောင် ပေးလိုက်သည်။

တပည့်ဖြစ်သူကလည်း မြင်းရသည်နှင့် ကဆုန်စိုင်း ပြေးတော့သည်။ တပည့်မရှိတော့ ကုန်သည်ကြီးက ဈေးကို ကိုယ်တိုင်ထွက်ခဲ့ရသည်။ ဈေးရောက်တော့ လူအုပ်ထဲမှာ သေမင်းကိုတွေ့လိုက်ရသည်။ သို့နှင့် သေမင်းအနား ကပ်သွားပြီး "မနက်တုန်းက ခင်ဗျားက ကျုပ်တပည့်ကို စူးစူးဝါးဝါးကြည့်ပြီး ဘာဖြစ်လို့ ခြိမ်းခြောက်လိုက်ရတာလဲ"ဟု မေးလိုက်သည်။

သည်တော့ သေမင်းက ...

"ကျွန်တော် သူ့ကိုခြိမ်းခြောက်လိုက်တာ မဟုတ်ပါဘူး၊ စူးစူးဝါးဝါး ကြည့်လိုက်တယ်ဆိုတာကလည်း သူ့ကို ဒီဘက္ကဒက်မှာ တွေ့လိုက်ရဘော့ အံ့သြလွန်းလို့ ကြည့်လိုက်တာပါ၊ သူနဲ့ကျွန်တော် ဘက္ကဒက်မှာ တွေ့ရလိမ့်မယ်လို့ လုံးဝမထင်မိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဒီည ဆမ်မာရာမြို့မှာ သူနဲ့ကျွန်တော် စာရင်းရှင်းကြဖို့ ချိန်းထားတဲ့နေ့ပဲ၊ ဘာပဲပြောပြော ကျွန်တော်ကတော့ သူနဲ့ချိန်းထားတဲ့ ဆမ်မာရာမြို့ကို သူ လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ သွားစောင့်နေရမှာပဲ"ဟု ပြောဆိုလိုက်သည်။

ဝတ္ထုက သည်မျှသာဟုဆိုပါသည်။

◈◈◈



သူငယ်ချင်းက ဆရာနန္ဒာသိန်းဇံ၏ "တွေးချိန်ချင့်ရာ" စာအုပ်ထဲက ဝတ္ထုလေးကို ကြိုက်လွန်း၍ ပြန်ပြောပြတာဟုလည်း ဆိုပါသည်။

ပြီးတော့ သူငယ်ချင်းက ဆက်ပြောပါသေးသည်။

"သံသရာနဲ့ချီပြောရင် အားလုံးဆွေမျိုးတွေချည်းပဲ၊ ဘဝတွေဝေးသွားလို့ တစိမ်းတွေ ဖြစ်သွားကြတာ၊ တကယ်တော့ လူတွေကိုချစ်ရတယ်ဆိုတာ မသေခင်လေး ချစ်ခင်ရတာ၊ တစ်ယောက်ယောက် သေသွားခဲ့ရင် ချစ်ခွင့် ခင်ခွင့်ရတော့မှာ မဟုတ်ဘူး၊ အသက်ဆိုတာ အစိုးရတာမှ မဟုတ်တာ၊ မနက်ဖြန်သေရင် သေသွားနိုင်တာပဲ၊ ပြီးတော့ ပရဟိတတွေ လုပ်ကြတယ်ဆိုတာ အချစ်ကိုပဲအခြေခံပြီး လုပ်လို့ရတယ်၊ အမုန်းကို အခြေခံပြီး လုပ်လို့မရဘူး၊ အဖွဲ့အစည်းတစ်ခုမှာ အမုန်းတစ်ခု ဝင်လာပြီဆိုရင် အဲဒီအဖွဲ့အစည်း မကြာခင်ကွဲတော့တာပဲ၊ ရိပ်သာပဲဖြစ်ဖြစ်၊ အများအကျိုးပြု အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ ပညာတတ်တွေစုပြီး လုပ်ကြတာပဲ၊ ဒါပေမယ့် အမုန်းတွဝင်လာတော့ ကွဲကြတာပဲ။ အဲဒါ ပညာနဲ့မဆိုင်ဘူး၊ အချစ်နဲ့ပဲဆိုင်တယ်။ အချစ်ဆိုတော့ မြန်မာလိုပြောတော့ နည်းနည်းပေါ့နေတယ်။ ပါဠိလို မေတ္တာလို့ ပြောတာပဲ ကောင်းတယ်။ အဖွဲ့အစည်းတွေမှာ မေတ္တာမရှိကြတော့ဘူးဆိုရင် ကွဲကြတာများတယ်။ ဒီသဘောကို ကိုယ်ကသိပြီး ကိုယ်က မေတ္တာစာတ် ပြန်မွေးလိုက်ဖို့ သိပ်အရေးကြီးတယ်။ တရားသဘောနဲ့ကြည့်ရင်

www.burmeseclassic.com



မုန်းတဲ့စိတ်ဟာ ကုသိုလ်စိတ် မဟုတ်တာတော့ သေချာတယ်”

စာစုံဖတ်သော သူငယ်ချင်းက သူ ဖတ်ခဲ့သော စာများကို အခြေခံ၍ ပြောပြခဲ့သည်။

◈◈◈

ဘုရားရေ ... ငါ ဘာတွေတွေးနေမိပါလိမ့်။

အပေါ်ပိုင်းဗလာကျင်းနှင့် ခြေစုံရပ်လျက် တွေးကြောရှည်နေသော သူ့အနေအထားကို သတိရပြီး အချမ်းနှင့် ရောနေသော အတွေးပုံရိပ်တို့သည်လည်း ဝေဝါးသွားသည်။ ယခုအထိတော့ သူ မသေသေးပါ။ မသေသေးသော သူသည် ချမ်းစိမ့်စိမ့် အပြုံးတစ်ခုကိုတော့ ပြုံးလိုက်မိပါသည်။

ဒါပေမယ့် အတွေးမဆုံးခင် အအေးပတ်ပြီး သေသွားနိုင်သည်။ သေသွားခဲ့လျှင်တော့ သူငယ်ချင်းပြောသော လူသားတွေကို ချစ်ခွင့်ရတော့မှာ မဟုတ်တော့ပါ။

**(ဆရာနန္ဒာသိန်းဇံရဲ့ “တွေးချိန်ချင့်ရာ” စာအုပ်နဲ့ ခွန်သန်းထွန်း ရဲ့ “တဒင်္ဂထဲက တစ်ခဏသောဘဝ” ကို** အခြေခံပြီး ရေးပါတယ်)

လူပျိုဘုရားလုံးဝမရှိနှင့် တရားတော်များစာအုပ်မှ
ဇူလိုင်လ၊ ၂၀၀၄

## မမြဲစီးဆင်းနေသော မြစ်တစ်စင်းအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

# အမြဲစီးဆင်းနေသော မြစ်တစ်စင်းအကြောင်း

"ကောင်းကင်ကြီးကို မော့ကြည့်လိုက်စမ်း"

သူငယ်ချင်း၏စကားကြောင့် ပြတင်းပေါက်မှ တစ်ဆင့် မော့ကြည့်လိုက်မိပါသည်။ အမှတ်တမဲ့ ယောင်၍ ကြည့်လိုက်ရသော်လည်း ကောင်းကင်သည် ဘာမျှမထူးခြား။ မြင်နေကျအတိုင်းသာ။ မိုးရွာမည့်လက္ခဏာလည်း မပြ။ တိမ်ကင်းစင်လျက် ပြာလဲ့လဲ့ ကြည်ကြည်လင်လင်။ သူငယ်ချင်းဆီက စကားသံ ထပ်ထွက်လာသည်။

"ငါတို့ရဲ့ အလိုဆန္ဒတွေဟာလည်း အဲဒီ ကောင်းကင်ကြီးထက်မက ကြီးတယ်။ တကယ်လို့ တို့ရဲ့အလိုဆန္ဒတွေဟာ ကောင်းကင်ကြီးတစ်ခုစာလောက်ရဦး၊ နောက် ကောင်းကင်တစ်ခုစာလောက် ထပ်မျှော်လင့်နေပြန်မှာပဲ။ မြတ်စွာဘုရားက **ဦနောလောကော အတိတ္တောတဏှာဒါသော** = လူတွေဟာ အလိုပြည့်တယ်ဆိုတာ ဘယ်တော့မှ



မရှိဘူး။ အမြဲယုတ်လျော့နေတယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ တဏှာရဲ့ကျေးကျွန် ဖြစ်နေလို့တဲ့။ သေသွားတဲ့လူတွေကို လိုက်မေးကြည့်လို့ရမယ်ဆိုရင် လိုက်မေးကြည့်။ "ခင်ဗျားတို့ အလိုဆန္ဒပြည့်ပြီးမှ သေသွားတာလားခင်ဗျာ" လို့၊ သူတို့က ပြန်ပြောပါလိမ့်မယ်၊ "ဘယ်ကလာ ဟုတ်ရမှာလဲခင်ဗျာ၊ လိုချင်တာတွေ အများကြီးကျန်ခဲ့တာပေါ့။ ကျုပ် G.S.M ဖုန်းလေး လျှောက်ထားတာတောင် မရလိုက်ဘူး"လို့ ပြန်ပြောကြမှာပဲ"

သူငယ်ချင်းက စကားကို ခဏရပ်ထားပြီး သောက်လက်စကော်ဖီကို ဆက်သောက်နေသည်။ သူသောက်နေသည့်အတွက် မိမိကလည်း သောက်လက်စကော်ဖီကို ဆက်သောက်လိုက်ပါသည်။ ခဏကြာတော့ သူငယ်ချင်းဆီက စကားသံ ဆက်ထွက်လာပါသည်။

"အခုပဲကြည့် ... တို့သောက်နေတဲ့ကော်ဖီကို၊ နိုင်ငံခြားနဲ့ နည်းနည်းဆက်စပ်နေတော့ အမေရိကားတို့၊ အင်္ဂလန်တို့၊ ဂျပန်တို့က ကော်ဖီမှုန့်ထုပ်လေးတွေ ရောက်ရောက်လာတတ်တယ်။ ရောက်လာမှန်းသိတော့ ပြင်သစ်တို့၊ အီတလီတို့က ကော်ဖီမှုန့်ထုပ်လေးတွေကိုလည်း ဘယ်လိုအရသာရှိလေမလဲလို့ လိုချင်ပြန်ရော၊ အဲဒါမပြောနဲ့၊ ကိုယ်နဲ့အလှမ်းဝေးတဲ့ အာရပ်နိုင်ငံတွေက ကော်ဖီမှုန့်တွေကိုတောင် မရနိုင်မှန်းသိသိကြီးနဲ့ လိုချင်နေမိတယ်။ အလိုဆန္ဒအကြောင်း ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားကိုယ်တော်တိုင်တောင်မှ ပါရမီနုစဉ်ကာလက အလိုဆန္ဒရဲ့ကျေးကျွန် ဖြစ်ခဲ့ဖူးတယ်။ ဒါကို မြတ်စွာဘုရားက သူ့တပည့်တွေ သံဝေဂယူရအောင် ပြန်ဟောပြထားတယ်။

အဲဒီတုန်းက ငါတို့မြတ်စွာဘုရားအလောင်းက မန္ဓာတုစကြာဝတေးမင်းကြီးတဲ့။ စကြာဝတေးမင်းဆိုတာ ပုထုဇဉ်လူသားတွေထဲမှာတော့ အချမ်းသာဆုံး လူသားမင်းပဲ။ လိုချင်တာအကုန်ဖြစ်နေတာ။

တစ်နေ့တော့ မန္ဓာတုစကြာဝတေးမင်းကြီးဟာ လူ့ပြည်မှာ ကာမဂုဏ်ခံစားရတာ အားမရဖြစ်လာတယ်တဲ့။ ကာမဂုဏ်ဆိုလို့ ပြောရဦးမယ်။ လူတွေက ကာမဂုဏ်လို့ ဆိုလိုက်ရင် အဖြဟ္မစရိယသိက္ခာပုဒ်ကိုပဲ ပြေးပြေးမြင်နေကြတယ်။ တကယ်တော့ အဲဒီလိုမဟုတ်ဘူး။ အဆင်းကောင်းကောင်း၊ အသံကောင်းကောင်း၊ အနံ့ကောင်းကောင်း၊ အရသာကောင်းကောင်း၊ အတွေ့အထိကောင်းကောင်းကို လိုချင်တာမှန်သမျှ ကာမဂုဏ်ချည်းပဲ။

ထားပါတော့ ... ဒါနဲ့ မန္ဓာတုစကြာမင်းကြီးက လူ့ပြည်မှာ ကာမဂုဏ်ခံစားရတာ အားမရတော့ သူ့ရဲ့ အမတ်ကြီးတွေကို အဲဒီအကြောင်း ပြောပြတယ်။ ဒီတော့ သူ့ရဲ့အမတ်ကြီးတွေက ဘယ်လိုအကြံပေးသလဲဆိုတော့ "နတ်ပြည်ဟာ သိပ်ပျော်ဖို့ကောင်းတယ်"တဲ့။ မန္ဓာတုစကြာမင်းကြီးကလည်း အမတ်ကြီးတွေပြောတဲ့အတိုင်း သူ့ရဲ့



စကြာရတနာနဲ့ နတ်ပြည်ကို ချီတက်တယ်။ ပထမဆုံးရောက်သွားတာက စတုမဟာရာဇ်နတ်ပြည်ပဲ၊ စတုမဟာရာဇ် နတ်ပြည်မှာရှိတဲ့ နတ်မင်းကြီးလေးယောက်ကလည်း အားရဝမ်းသာနဲ့ ဆီးကြိုပြီး နတ်မင်းအဖြစ် တင်မြှောက်ထားလိုက်တယ်။

ဒီလိုနဲ့ စတုမဟာရာဇ်နတ်ပြည်မှာ ကာမဂုဏ်အာရုံတွေကို ခံစားရင်း ကြာလာတော့ လက်ရှိကာမဂုဏ်ကို ခံစားရတာ အားမရလို့ ဒီထက်အဆင့်မြင့်တဲ့ ကာမဂုဏ်ကို ခံစားချင်လာပါသတဲ့။ ဒီအကြောင်းကို စတုမဟာရာဇ်နတ်ပြည်က နတ်မင်းကြီးလေးယောက်ကို ပြောပြတယ်။ နတ်မင်းကြီးလေးယောက်က ဘယ်လိုအကြံပေးသလဲဆိုတော့ ... "ကျွန်တော်တို့ နတ်ပြည်ကတော့ ဒီလောက်ဒီမျှပဲ ရှိပါတယ်၊ တာဝတိံသာနတ်ပြည်ကတော့ ဒီထက်သာပါတယ်"လို့ လျှောက်လိုက်တယ်။ ဒီတော့ တာဝတိံသာကို ဆက်တက်ပြန်တယ်။

တာဝတိံသာရောက်တော့ သိကြားမင်းက ဆီးကြိုပြန်တယ်။ ပြီးတော့ သိကြားမင်းက သူ့ရဲ့တာဝတိံသာနတ်ပြည်ကို တစ်ဝက်ခွဲပေးလိုက်တယ်။ ဒီလိုနဲ့ ကာမဂုဏ်စည်းစိမ်တွေ ခံစားလာလိုက်တာ သိကြားသုံးဆယ့်ခြောက်ဆက်သာ ပြောင်းသွားတယ်၊ မန္ဓာတုမင်းကြီးကတော့ တာဝတိံသာနတ်ပြည်မှာ ကာမဂုဏ်တွေ ခံစားလို့ မဝသေးဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကြာလာတော့ မန္ဓာတုမင်းကြီးက တာဝတိံသာမှာ တစ်ဝက်ပဲစည်းခြားပြီး ခံစားရတာကို အားမရတော့ဘူး။ ဒီတော့ ဘယ်လိုစိတ်ဝင်လာသလဲဆိုတော့ "သိကြားမင်းကို သတ်လိုက်ရင်တော့ တာဝတိံသာနတ်ပြည်တစ်ခုလုံး ငါ ခံစားရတော့မှာပဲ"ဆိုပြီး အတွေးရိုင်းဝင်လာတယ်။ အတွေးရိုင်းဝင်တာနဲ့ သူ့ရဲ့အသက်ဟာလည်း ချက်ချင်းဆုတ်ယုတ်သွားတော့တာပဲ။ ဒါပေမယ့် ... လူသားတစ်ယောက်ဟာ နတ်ပြည်မှာ မသေကောင်းဘူး။ ဒါကြောင့် လူ့ပြည်က ဥယျာဉ်တစ်ခုထဲကို ပြုတ်ကျလာတယ်။ ဥယျာဉ်မှူးက လူတစ်ယောက် ပြုတ်ကျလာတော့ တအံ့တသြနဲ့ ကြည့်လို့ပေါ့။ ဒီတော့ မန္ဓာတုမင်းက သူဟာ မန္ဓာတုစကြာမင်းဖြစ်တဲ့အကြောင်း ပြောပြတယ်။ သေလည်းသေခါနီးနေပြီလေ။ ဒီအချိန်မှာ မန္ဓာတုမင်းကြီးရဲ့ စိတ်ထဲမှာ ဘာအတွေး ဝင်လာသလဲဆိုတော့ "ငါဟာ သက်တမ်းအများကြီး လောကကြီးထဲမှာ နေခဲ့တယ်။ ဒါပေမယ့် လောကကောင်းကျိုး ဘာတစ်ခုမျှ မလုပ်ခဲ့ရဘူး၊ အခု သေရတော့မယ်၊ ဘာပဲပြောပြော သေခါနီးမှာ လောကကောင်းကျိုးတစ်ခုခုတော့ လုပ်သွားဦးမှ"ဆိုပြီး ဥယျာဉ်မှူးကို အနားကိုကပ်ခိုင်းပြီး "ဥယျာဉ်မှူးရေ ... ငါဟာ တစ်ချိန်က စကြာဝတေးမင်းကြီးတစ်ပါးပေါ့။ လူ့ပြည်မှာ ကာမဂုဏ်အာရုံတွေ ခံစားရတာ အားမရလို့ စတုမဟာရာဇ် နတ်ပြည် တက်ခံစားတယ်။ အဲဒီမှာ အားမရပြန်တော့



တာဝတိံသာနတ်ပြည် တက်ခံစားတယ်၊ ဒါကိုပဲ အားမရလို့ သိကြားမင်းကို သတ်မယ်လုပ်တော့ ငါ့အသက်ဟာ ချက်ချင်းဆုတ်ယုတ်သွားတယ်။ အခု သေရတော့မယ်၊ ဒီတော့ ဥယျာဉ်မှူးရယ် ငါ့ကိုတစ်ခု ကူညီပါ။ ငါသေသွားရင် လူသားအားလုံးကို ငါ့အကြောင်း ပြောပြပေးပါ။ ပြီးတော့ "လူတွေဟာ အလိုဆန္ဒမပြည့်ခင် သေရတယ်"လို့ မန္ဓာတုစကြာဝတေးမင်းကြီးက လူသားအားလုံးကို မသေခင် သေသေချာချာ မှာသွားကြောင်း ပြောပေးပါကွယ်" အဲဒီလို မှာကြားပြီး စကြာဝတေးမင်းကြီးလည်း စုတေသွားတယ်။ ဘာပဲပြောပြော သူကတော့ လောကကောင်းကျိုးတစ်ခုကို သေခါနီးမှာ ပြုသွားတာတော့ အမှန်ပဲ။ တကယ်စဉ်းစားကြည့်ရင် နောက်ဆုံးတော့ စကြာဝတေးမင်းလည်း သေရတာပဲ။

သတ္တဝါတွေရဲ့ အလိုဆန္ဒတဏှာမြစ်ဟာ ဘယ်တော့မှ ခန်းခြောက်မှာ မဟုတ်ဘူး၊ အမြဲစီးဆင်းနေမှာပဲ။ တဏှာမြစ်ကြီး စီးဆင်းနေတုန်းမှာပဲ တဏှာရဲ့မိတ်ဆွေ လူသားဟာ သေပေးရတယ်။

ပုထုဇဉ်တွေဆိုတော့ အလိုဆန္ဒတဏှာတွေက သောသဘာဝတစ်ခုအနေနဲ့ ရှိနေမှာပဲ၊ ဒါကို အပြစ်သီးခြားတစ်ခုအနေနဲ့ တင်ဖို့ကျတော့ ခက်တယ်။ ပုထုဇဉ်တစ်ယောက်အနေနဲ့ အလိုဆန္ဒတစ်ခုဖြစ်တယ်။ အဲဒီအလိုဆန္ဒဟာ ပတ်ဝန်းကျင်ကို ထိခိုက်လာပြီဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က ဒါကိုအထူးသတိထားရတော့မယ်။ တကယ်လို့ ကိုယ့်ဝန်းကျင်က လူတစ်ယောက် အလိုဆန္ဒတစ်ခု ဖြစ်နေတယ်။ သူ့ရဲ့အလိုဆန္ဒဟာ ဝန်းကျင်ကို ထိခိုက်နိုင်တဲ့ အလိုဆန္ဒမျိုး ဖြစ်နေတယ်။ ဒါဆို သိတာနဲ့ အဲဒီလူရဲ့အလိုဆန္ဒကို ရတဲ့နည်းနဲ့ တားရမယ်။ ဒီတာဝန်ဟာ သိတဲ့လူတိုင်းမှာ တာဝန်ရှိတယ်။ လျစ်လျူရှုနေလို့ မရဘူး။ အဓိက,ကတော့ ကိုယ့်အလိုဆန္ဒဟာ ကိုယ့်ဝန်းကျင်ကို မထိခိုက်ဖို့ အရေးအကြီးဆုံးပဲ။

ကိုယ့်အလိုဆန္ဒတစ်ခုကြောင့် ဝန်းကျင်တစ်ခုလုံး ထိခိုက်နစ်နာသွားတဲ့ သာဓကတွေ အများကြီး ရှိနေတာပဲ၊ ဘုရားဟော ဇာတ်ဝတ္ထုတွေမှာ ကြည့်မလား၊ ရာဇဝင်တွေမှာ ကြည့်မလား၊ မျက်မှောက်သတင်း၊ မဂ္ဂဇင်း၊ ဂျာနယ်တွေကတစ်ဆင့် ကြည့်မလား အများကြီးပဲ။

အလိုဆန္ဒဆိုပေမယ့် အလိုဆန္ဒတိုင်းတော့ မဟုတ်ဘူးပေါ့။ ကိုယ့်ဘဝ တိုးတက်ဖို့၊ ကိုယ့်ဝန်းကျင် တိုးတက်ဖို့၊ ကုသိုလ်ဖြစ်ဖို့ ဒီလိုအလိုဆန္ဒမျိုးကတော့ လူတိုင်းမှာ ရှိသင့်တယ်လေ။ ရှိလည်း ရှိနေရမယ်ပေါ့။

ပတ်ဝန်းကျင်ကိုထိခိုက်စေတဲ့ တဏှာကို အခြေခံတဲ့ အလိုဆန္ဒမျိုးဟာ သိပ်ကြောက်ဖို့ကောင်းတယ်။ လူသားတွေရှိနေသရွေ့ အလိုဆန္ဒတွေကတော့ ရှိနေမှာဖြစ်သလို၊ အလိုဆန္ဒတွေရှိနေသရွေ့ လူသားတွေလည်း ရှိနေဦးမှာပဲ။ ဒီလိုနဲ့ပဲ လူတွေဟာ ကိုယ့်ရဲ့အလိုဆန္ဒတွေ



မပြည့်ခင် သေသွားရတာတဲ့၊ အဲဒီသဘောကို ခိုင်ခိုင်မာမာ လက်ခံနိုင်ဖို့ရယ်၊ တဏှာကိုအခြေခံတဲ့ အလိုဆန္ဒ ခန်းခြောက်ဖို့ရယ်၊ အဲဒီအတွက် အဖြေက တစ်ခုပဲရှိတယ်၊ အဲဒါက ...

သူငယ်ချင်းက ပြောလက်စ စကားကို ခဏရပ်ထားပါသည်။ မကုန်သေးသည့် ကော်ဖီကို ဆက်သောက်နေသည်။ မိမိကတော့ ဒီတစ်ခါ သူသောက်တိုင်း လိုက်မသောက်ဖြစ်တော့ပါ။ ကော်ဖီထက် သူငယ်ချင်းဆီက အဖြေကိုသာ စောင့်နေမိသည်။ သို့သော် သူငယ်ချင်းဆီက အဖြေ တော်တော်နှင့်ထွက်မလာ။ နားထောင်သူ မိမိကို စိတ်စနိုးစနောင့်ဖြစ်နေအောင် တမင် ဖန်တီးနေသလားမသိ။ မစောင့်နိုင်တော့သည့်အဆုံး မိမိကပဲ အမေးစကား စလိုက်ရပါသည်။

"အဖြေကို ပြောစမ်းပါဦး"

သူငယ်ချင်းဆီက အဖြေ ချက်ချင်းထွက်မလာပြန်ပါ။ သူငယ်ချင်းက သောက်လက်စကော်ဖီခွက်ကို အောက်ကို ပြန်ချလိုက်ပါသည်။ သူငယ်ချင်းမျက်နှာ ကြည့်လိုက်တော့ ပုံမှန်ထက် ပိုတည်သွားသယောင် တွေ့ရသည်။ အတည်မျက်နှာကြားမှပင် သူငယ်ချင်းဆီက အဖြေစကား ထွက်လာပါသည်။

"လူတွေ အလိုဆန္ဒမပြည့်ခင် သေရတယ်ဆိုတာ ခိုင်ခိုင်မာမာ လက်ခံနိုင်ဖို့ရယ်၊ တဏှာကို အခြေခံတဲ့

www.burmeseclassic.com

www.burmeseclassic.com



အလို ဆန္ဒတွေ ခန်းခြောက်ဖို့ရယ်ကတော့ ဝိပဿနာတရား အားထုတ်ခြင်းမှတစ်ပါး တခြားဘာမှမရှိဘူး။ အားထုတ် ခါစမှာတော့ ချက်ချင်းသိလာဦးမှာ မဟုတ်သေးဘူး။ ရက် ကြာလာတဲ့အခါ၊ သမာဓိဖြစ်လာတဲ့အခါ ဉာဏ်စဉ်တွေ ဝင်လာလိမ့်မယ်။ အဲဒီဉာဏ်စဉ်တွေကို အခြေခံပြီး အဖြေ ကို သူ့အလိုလိုသိသွားမှာပါ။ ကဲ ... ပြန်ဦးမယ်ကွာ၊ စကား ပြောတာလည် များသွားပြီ”

သူငယ်ချင်းက ပြောရင်းပြန်ဖို့ မတ်တတ်ရပ် လိုက်ပါသည်။ တဆက်တည်းမှာပင် လေကားထစ်များ ဆီသို့ ခြေလှမ်းမိပါသည်။

မိမိတို့နှစ်ဦး၏ခြေလှမ်းများမှာ အလိုဆန္ဒတွေ ပါနေသလား၊ မပါဘဲနေသလား မပြောတတ်ပါ။ သို့သော် လှမ်းနေသော မိမိ၏ခြေလှမ်းများအကြား၌ မြစ်တစ်စင်း ညင်ညင်သာသာ စီးဆင်းသွားတာကိုတော့ သေသေချာချာ တွေ့လိုက်ရပါသည်။ ထိုမြစ်သည် .... ။

**ကျမ်းကိုး**

*၁။ ရဋ္ဌပါလသုတ်၊ မဇ္ဈိမ ပဏ္ဏာသပါဠိတော်။*

*၂။ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ မန္ဓာတုဇာတ်။*

အလင်းတန်းဂျာနယ်

၁၃၊ စက်တင်ဘာ၊ ၂၀၀၄





www.burmeseclassic.com

## အိပ်မက်ပါသော ခြေလှမ်းများ

"ဘုရားရေ ...

ငါ ညက တကယ်အိပ်ပျော်ခဲ့ပါလား၊ ပြီးတော့ အိပ်မက်တွေတောင် မက်လိုက်သေး"

ထိုစကားများသည် သူ၏နှုတ်မှ အသံတစ်ခု အနေနှင့် ထွက်ပေါ်လာသည် မဟုတ်၊ မနက်ဘက် ကော်ဖီ သောက်နေရင်း စိတ်ထဲမှ ပြောလိုက်ခြင်းဖြစ်သည်။ တကယ်တော့ သူ ထိုစကားများကို အသံထွက်၍ မပြောဝံ့ ပါ၊ အကယ်၍ အသံထွက်ပြီး ပြောဖြစ်ခဲ့ပါက သူ့စကားကို ကြားမိသူသည် ... "ညအိပ်ပျော်တာ ဘာဆန်းလဲ၊ အိပ်မက် မက်တာကော ဘာဆန်းလဲ"လို့ ပြောမှာ အသေအချာ၊ ပြီးတော့ "လဲသေလိုက်"လို့လည်း ဆက်ပြောပေလိမ့်မည်။

သူသည် အိပ်မက်ကြောင့်လား သို့မဟုတ် သူ



ကြိုက်သော ကော်ဖီခါးသက်သက် အရသာကြောင့်လား မသိ၊ သူ့စိတ်များသည် ခါတိုင်းနံနက်ခင်းများထက် ပို၍ ရွှင်လန်းနေခဲ့သည်။

ဟုတ်သည်။ သူသည် ညက အမှန်တကယ် အိပ်ပျော်ခဲ့သည်။ ပြီးတော့ အိပ်မက်တွေလည်း တကယ် မက်ခဲ့သည်။

ဘာ့ကြောင့် သည်အိပ်မက်ကို မက်ရသနည်း?

မနေ့နေ့လည်ခင်းက သူ့သူငယ်ချင်းနှင့်အတူ ဗဟန်းက ဝိသုဒ္ဓါရုံကျောင်းတိုက်သို့ သွားခဲ့သည်။ ဝိသုဒ္ဓါရုံ ရောက်ခဲ့သော အာရုံမြင်ကွင်းတွေက သူ့ကို အိပ်မက် မက်ဖို့ စေ့ဆော်ခဲ့လေသလား၊ ညက အိပ်မက်ထဲတွင် သူက ဝိသုဒ္ဓါရုံမှာ စာချဘုန်းကြီးတစ်ပါးတဲ့။ ပြီးတော့ သူ စိတ်ဝင်စားသော ပဋ္ဌာန်းစာဝါကို ပို့ချပေးနေတာတဲ့၊ အမယ် ...သူက ပဋ္ဌာန်းစာဝါကို ပုံစံသစ်နှင့် ပို့ချပေးနေသည် ဆိုပဲ။ သူ ပို့ချပေးနေသော ပုံစံသစ်မှာ သူက မေးလိုက် တပည့်တွေက ဖြေလိုက်၊ တပည့်တွေက မေးလိုက် သူက ဖြေလိုက်၊ ဆွေးနွေးပွဲပုံစံမျိုးနှင့် ပို့ချပေးနေခြင်းဖြစ်သည်။ ဥပုသ်နေ့ လေ့ကျင့်ခန်းစာမေးပွဲများတွင်လည်း စာချစဉ်က မေးဖြေ ပြုလုပ်ခဲ့သော မေးခွန်းတစ်ဝက်လောက်ကို ပြန်မေး လေ့ရှိသည်၊ သည်စနစ်ကို သူ့တပည့်တွေက အလွန် သဘောကျဆိုပဲ။

ပဋ္ဌာန်းပို့ချနေစဉ်အတွင်း သူသည် GSM ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း မေ့နေခဲ့သည်။ CDMA ကိုလည်း မေ့နေခဲ့သည်။

သူ့ရင်ထဲရှိတာကို အမှန်အတိုင်းပြောရလျှင် သူသည် ပဋိပတ္တိနယ်ပယ်ထက် ပရိယတ္တိနယ်ပယ်ကို ပို၍ အာရုံညွတ်သည်၊ ပဋိပတ္တိဆရာတော်တွေရဲ့ ထေရုပ္ပတ္တိစာအုပ်တွေထက် ပရိယတ္တိဆရာတော်တွေရဲ့ ထေရုပ္ပတ္တိစာအုပ်တွေကို ပို၍ ဖတ်ဖြစ်ခဲ့သည်။ ကမ္ဘောဇနာစရိယတစ်ပါးထက် ဂဏဝါစက စာချဘုန်းကြီးတစ်ပါးရဲ့အဖြစ်ကို ပို၍ရင်ခုန်သည်။

သူသည် သူ့အိပ်မက်တချို့ကို တွေးမိရုံရှိသေး၊ သူ့ကိုယ်ပွားတစ်ပါးက သရော်ပြုံး ပြုံးနေတာကို ပုံရိပ်တစ်ခုအဖြစ် မြင်လိုက်ရသည်။

ထိုအခါ သူသည် သူ၏လက်ရှိဘဝ အနေအထားကို ပြန်၍ သတိရသွားသည်။ သတိရမှုနှင့်အတူ သက်ပြင်းရှည်တစ်ခုကလည်း ဒွန်တွဲပါလာသည်။

သူသည် ပရိယတ္တိနယ်ပယ်ထဲကလား ... ?၊ မဟုတ်ပါ၊ ဂဏဝါစက စာချဘုန်းကြီးတစ်ပါးလား ... ?၊ မဟုတ်ပါ။

တကယ်တော့ သူသည် ပဋိပတ္တိနယ်ပယ်ဟု ပြောရမည့် အထင်ကရရိပ်သာကြီးတစ်ခု၏ ဝန်ဆောင်တစ်ပါးဖြစ်သည်။ မကြာသေးခင်ကပင် သူတို့ရိပ်သာ၏ ရိပ်သာခွဲတစ်ခုဖြစ်သော ညောင်လေးပင်မြို့ရိပ်သာ ဆယ်ရက်စခန်းသို့ ကမ္ဘောဇနာစရိယတစ်ပါးအဖြစ် သူပဲ ဦးဆောင်၍ ကြွခဲ့



ရသည်။ သူသည် ထိုဆယ်ရက်စခန်းတွင် ပဋိပတ္တိနယ်ပယ်၏ အင်္ဂါအစိတ်အပိုင်းများဖြစ်သော တရားဟော၊ တရားပြ၊ တရားစစ်ဘာသာရပ်တို့ကို ပြောဆိုပြုမူခဲ့သည်။

တရားပြခြင်း၊ တရားစစ်ခြင်းများသည် သူ့ဘဝ၏ အိပ်မက်များတွင် တစ်ခါမျှ မမက်ခဲ့ဖူးသော အိပ်မက်များဖြစ်သည်။ အခုတော့ သူ တစ်ခါမျှ အိပ်မက်မမက်ခဲ့ဖူးသော၊ သူ တစ်ခါမျှ စိတ်ကူးမယဉ်ခဲ့ဖူးသော လက်တွေ့ဘဝတစ်ခုကို ကိုယ်တိုင်ကိုယ်ကျ ပြုမူနေရသည်။ ထိုအပြုအမူများအတွက် သူကိုယ်တိုင်လည်း အံ့သြနေခဲ့သည်။

ထိုဆယ်ရက်စခန်းတွင် သူသည် အလုပ်ကို အလုပ်နှင့်တူအောင် လုပ်ခဲ့သည်။ ပတ်ဝန်းကျင်က ကြည့်လျှင် သူ၏လက်ရှိဘဝအနေအထားသည် အတော်ရင်ခုန်စရာ ကောင်းသည်။ တကယ်တော့ သူ ရင်မခုန်ပါ။ ရင်လည်း မခုန်ချင်ပါ။

ဦးသုခ၏ "ဘဝသံသရာ"သီချင်းထဲကလို 'ဖြစ်ချင်တာလဲ မဖြစ်ရပါ'ဆိုပြီး ကိုယ့်ကိုယ်ကို အပြစ်ပေါ့အောင် ထမင်းရေပူလျှာလွှဲလည်း မလုပ်လိုပါ။ အရာအားလုံးသည် သူ၏အပြစ်များသာ ဖြစ်သည်ဟု သူခံယူထားသည်။

သူ့ရင်ထဲတွင် သန္ဓေတည်ခဲ့သော အိပ်မက်များကို ရုပ်လုံးတစ်ခုအဖြစ် မမွေးဖွားနိုင်သေးပါ။

ထိုသို့ မမွေးဖွားနိုင်သေးခြင်းကပင် စာသင်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသို့ရောက်တိုင်း သူ၏နှလုံးသားကို ကျဉ်စက်နှင့်တို့သလို နာကျင်ခံစားရမြဲဖြစ်သည်။

မနေ့ နေ့လည်ခင်းကတော့ သူနှင့်သူငယ်ချင်းတို့ ဝိသုဒ္ဓါရုံသို့ ရောက်ခဲ့သည်။ သူငယ်ချင်းဖြစ်သူသည် သူနှင့် ဓမ္မာစရိယတန်းကို တစ်နှစ်တည်းအောင်ခဲ့သူ ဖြစ်သည်။ ပြီးတော့ သူငယ်ချင်းက နယ်စာသင်တိုက်တစ်ခုတွင် စာချဘုန်းကြီးအဖြစ် သာသနာ့တာဝန် ထမ်းဆောင်နေသလို တစ်ဖက်က တိပိဋကစာမေးပွဲကိုလည်း ဖြေဆိုနေသူ ဖြစ်သည်။ ယခုဆို ဝိနည်းရှေ့ပိုင်း အောင်မြင်ပြီးပြီ ဖြစ်သည်။

ဝိသုဒ္ဓါရုံရောက်တော့ တကယ်ဆို သူနှင့်သူငယ်ချင်းဖြစ်သူတို့ ယောဆရာတော်ဆီသွား၍ ကန်တော့ရပေမည်။ သို့သော် ဆရာတော့်ဆီ သွားကန်တော့ရာ၌ သူ မပါခဲ့ပါ။ "ဆရာတော့်ကိုတွေ့ရမှာ မျက်နှာပူတယ်ကွာ"ဟု ပြောပြီး သူ ကုံကော်ပင်အောက်မှာပင် ကျန်ရစ်ခဲ့သည်။

သည်စကားကတော့ သူ့အတွက် အလွန်မှန်ပါသည်။ သူ ယောဆရာတော်ကို တွေ့ရမှာ အမှန်တကယ် မျက်နှာပူပါသည်။

သူ စာသင်သားဘဝ ယောဆရာတော်ထံ စာဝါလိုက်စဉ်က အဋ္ဌသာလိနီကို သူ စာဆိုခဲ့ရသည်။ ဆရာတော်သည် စာလိုက်သံဃာတော်များထဲမှ လေး,ငါးပါးကိုတော့ အမြဲစာမေးလေ့ရှိသည်။ တစ်ပါးမေးလိုက်လျှင် ကျန်သည့် သံဃာတော်များလည်း သိစေလိုသော ပုံစံမျိုး ဖြစ်



သည်။ ဆရာတော် စာမေးသော လေး,ငါးပါးထဲတွင် သူလည်း တစ်ပါးအပါအဝင် ဖြစ်သည်။ ဆရာတော်သည် စာမေးပွဲနှင့်ဆိုင်သော မေးခွန်းများကို မေးတတ်သလို တစ်ခါတလေ ဘဝရည်မှန်းချက်နှင့်ဆိုင်သော အနာဂတ် ရည်မှန်းချက်များကိုလည်း မေးတတ်ပါသည်။

တစ်ခါကတော့ ဘာစကားနှင့်စပ်မိသည်ကို သူ ကောင်းကောင်း မမှတ်မိတော့၊ သို့သော် ဆရာတော့်မေးခွန်းများကိုတော့ ကောင်းကောင်းမှတ်မိနေခဲ့သည်။ ထိုစဉ်က ဆရာတော် မေးခဲ့သော မေးခွန်းများ၊ သူ ဖြေခဲ့သော အဖြေများသည် အစဉ်သဖြင့် တစ္ဆေခြောက်ခံနေရသည်။

"ဓမ္မာစရိယအောင်ရင် ဘာလုပ်မလဲ"

"စာချဘုန်းကြီး လုပ်မယ်ဘုရား"

"သေချာတယ်နော်"

"သေချာပါတယ် ဘုရား"

"ဓမ္မာစရိယအောင်ရင် လူမထွက်ပါဘူးနော်"

"မထွက်ပါဘူး ဘုရား"

ထိုစဉ်က ဆရာတော်မေးခဲ့သော မေးခွန်းများကို အားအပြည့် မာန်အပြည့် ယုံကြည်ချက်အပြည့်ဖြင့် ဖြေဆိုခဲ့ပါသည်။ အားအပြည့် မာန်အပြည့် ယုံကြည်ချက်အပြည့်ဖြင့် ဖြေနေသော သူ့မျက်နှာကို ထိုစဉ်က ဓာတ်ပုံရိုက်ယူထားခဲ့ပါက ယခုအခါတွင် သူ့ဓာတ်ပုံသူ ပြန်ကြည့်ဝံ့တော့မှာ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကံကြမ္မာကို အပြစ်မတင်လိုပါ။ သူ့ကိုယ်သူသာ အပြစ်တင်ခဲ့ပါသည်။

သူသည် ဓမ္မာစရိယဂေဇက်ထွက်သည်နှင့် ဆရာတော့်အား ချက်ချင်းသွား၍ အသိပေးလျှောက်ထားခဲ့သည်။

ထိုစဉ်က ဆရာတော်မိန့်ခဲ့သော စကားများကိုလည်း သူ ကောင်းကောင်းမှတ်မိနေခဲ့ပါသည်။

"ဓမ္မာစရိယအောင်လို့ ဘာသာစကား သင်မယ်ဆိုရင်လည်း ခွင့်ပြုပါတယ်၊ ဓမ္မာစရိယအောင်လို့ နိုင်ငံခြားသွားမယ်ဆိုရင်လည်း ခွင့်ပြုပါတယ်၊ ဓမ္မာစရိယအောင်လို့ ကျောင်းထိုင်မယ်ဆိုရင်လည်း ခွင့်ပြုပါတယ်၊ ဓမ္မာစရိယအောင်လို့ တိပိဋကလည်း ကျက်မယ်၊ စာချဘုန်းကြီးလည်း လုပ်မယ်ဆိုရင်တော့ လိုက်လိုက်လှဲလှဲကြီးကို ကြိုဆိုပါသတဲ့ဗျာ"

သူသည် ထိုနေ့က ဆရာတော့်စကားများကို နားထောင်ရုံအဆင့်မျှသာ ရှိခဲ့ပြီး ပြန်လည်လျှောက်ထားသင့်သည့် စကားအဖြေများကို လျှောက်ထားနိုင်စွမ်း မရှိခဲ့ပါ။ တကယ်ဆို သူ့အနေနှင့် တစ်ခွန်းသော စကားလောက်တော့ ပြန်လျှောက်ခဲ့ဖို့ကောင်းသည်။ သို့သော် သူသည် ကမ္ဘာပေါ်မှာ အညံ့ဆုံးလူသားတစ်ယောက်အဖြစ်နှင့်ပဲ နှုတ်ဆိတ်နေခဲ့ရပါသည်။ ထိုအပြုအမူအတွက် သူသည် သူ့ကိုယ်သူ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ခဲ့ပါ။

သူသည် ပရိယတ္တိအပြင်ဘက် နယ်နိမိတ်ကို



ရောက်နေသော်လည်း ပရိယတ္တိနယ်ပယ်တွင် ကျင်လည်ခဲ့စဉ်က ပုံရိပ်တချို့ကိုတော့ မကြာခဏ သတိရနေလေ့ရှိသည်။

မှတ်မှတ်ရရ ထိုတစ်နေ့က သူ ညောင်လေးပင်မြို့ ဝိဝေကတောရ သဒ္ဓမ္မရံသီရိပ်သာ သင်္ကြန်ဆယ်ရက်စခန်းသို့ ရောက်နေခဲ့သည်။

အချိန်တိတိကျကျ ပြောပါဆိုလျှင် နေ့လည် ၃–နာရီခွဲ စနေနေ့ ဖြစ်ပါသည်။ လုပ်ငန်းသဘာဝကတော့ တရားစစ်နေချိန် ဖြစ်သည်။

ထိုနေ့က မီးလည်း မလာပါ။

မီးမလာတော့ ပန်ကာလည်းဖွင့်၍ မရပါ။ သည်တော့ နွေဥတု၏ပူရှိန်းရှိန်းဒဏ်ကို ခံရတော့သည်၊ ယောဂီတွေကတော့ ပါလာသည့် ဗလာစာအုပ်များဖြင့် ယပ်ခတ်ရင်း အပူဒဏ်ကို သက်သာလို သက်သာငြား ကာကွယ်နေကြသည်။

ယောဂီတစ်ယောက်လျှင် ခြောက်မိနစ်၊ ခုနစ်မိနစ်ခန့် သူ တရားစစ်ပေးရသည်။ သူ့ဘဝမှာ တစ်ခါမှ မမျှော်လင့်ခဲ့ဖူးသော လုပ်ငန်းများဖြစ်သည်။

"ကဲ … ဒကာမကြီး ဒီနေ့တစ်နေ့တာ မှတ်ပုံတွေ ပြောပါဦး"

"လျှောက်ရရင်တော့ အားနာပါတယ် ဘုရား၊ ရာသီဥတုက သိပ်ပူနေတော့ မှတ်ရတာ အဆင်မပြေဘူး

www.burmeseclassic.com

www.burmeseclassic.com



ဘုရား။ ဒီနေ့ စနေနေ့ဆိုတော့ မီးက မလာ၊ မီးမလာတော့ ပန်ကာဖွင့်လို့မရ၊ ပန်ကာဖွင့်လို့မရတော့ ပူ၊ ပူတော့ တရားမှတ်လို့ မရဘူး ဘုရား"

ဘာကြောင့်ရယ်တော့မသိ၊ လွန်ခဲ့သော ခုနစ်နှစ်ရှစ်နှစ်က အာရုံတစ်ခုက ရုတ်ချည်းပေါ်လာသည်။

ထိုစဉ်က ဖြစ်ရပ်သည် ယနေ့ဖြစ်စဉ်နှင့် လာတူနေသည်။

ထိုစဉ်က သူတို့ ယောဆရာတော်ဘုရားထံ ပါရာဇိကဏ်စာဝါ တက်နေကြသည်။ တစ်ခုသော နွေဥတု၏ စနေနေ့ နေ့လယ်ခင်းဖြစ်သည်။ ပြီးတော့ မီးလည်း မလာပါ။ မီးမလာတော့ ပန်ကာဖွင့်၍ မရပါ။ ပန်ကာဖွင့်၍ မရတော့ အပူဒဏ်က ပို၍ကဲလာပါသည်။ တချို့ ဦးပဉ္ဇင်းတွေက ရုံထားသည့်သင်္ကန်းကို ခပ်ဖွဖွလေး လျှော့ချနေကြသည်။ တချို့ ဦးပဉ္ဇင်းတွေကတော့ အပူဒဏ်ကို ကြိုးစား၍ သည်းခံနေကြောင်း ပေါ်လွင်နေသည်။ ဒါကို ဆရာတော်က ရိပ်မိပုံရသည်။

"ဒီနေ့ ဘာနေ့လဲ"

"စနေနေ့ပါ ဘုရား"

"ကဲ ... လိုက်ဆို"

"စနေနေ့မှာ မီးမလာ၊ ပူတာ သည်းခံလေ"

"စနေနေ့မှာ မီးမလာ၊ ပူတာ သည်းခံလေ"

"အပူဆင်းရဲ ကြီးသော်လဲ ငရဲကိုတော့ မမီချေ"



"အပူဆင်းရဲ ကြီးသော်လဲ ငရဲကိုတော့ မမီချေ"

ဆရာတော်၏ လျှပ်တစ်ပြက် လက်တန်းလင်္ကာလေး ဖြစ်ပါသည်။

ထိုလင်္ကာလေးကို သူ ဘယ်တော့မှ မမေ့တော့ပါ၊ အကြောင်းတိုက်ဆိုင်လာသည့်အခါတိုင်း သတိရနေခဲ့ပါသည်။ အခုလည်း သတိရဖြစ်လိုက်ပြန်ပါသည်။ သူ ပြုံးလိုက်ပါသည်။

"ဒီနေ့ ဘာနေ့လဲ"

"စနေနေ့ပါ ဘုရား"

"အခု ပူနေတဲ့အပူနဲ့ ငရဲအပူ၊ ဘယ်အပူက ပိုပူမလဲ"

"ငရဲအပူကပါဘုရား"

"စိတ်ထဲမှာ ငရဲကျနေတဲ့သူတွေလောက် မပူပါဘူးလေ၊ ငရဲကျနေတဲ့သူတွေက တို့ထက်ပိုပူလိမ့်မယ်လို့ နှလုံးသွင်းလိုက်၊ ကဲ ... ယောဂီအားလုံး လိုက်ဆိုလိုက်ပါ"

"စနေနေ့မှာ မီးမလာ၊ ပူတာသည်းခံလေ"

"စနေနေ့မှာ မီးမလာ ပူတာသည်းခံလေ"

"အပူဆင်းရဲ ကြီးသော်လဲ ငရဲကိုတော့ မမီချေ"

"အပူဆင်းရဲ ကြီးသော်လဲ ငရဲကိုတော့ မမီချေ"

. . . . . . . . . . . . . . . . . . . . . . .

ဆရာတော့်ဩဝါဒ၊ ဆရာတော့်စိတ်၊ ဆရာတော့်ယုံကြည်ချက်၊ ဆရာတော့်သဘာဝတို့ကို အကြောင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သည့်အခါတိုင်း သတိရနေလေ့ရှိသည်။

သူ သုံးရက်တစ်ခါလောက် သတိရနေတာလေးလည်း တစ်ခုရှိသည်။

သူသည် သင်္ကန်းကို သုံးရက်တစ်ခါလောက် လျှော်လေ့ရှိသည်။

တစ်ခါတလေ ကိုယ်တိုင်လျှော်ဖြစ်သလို တစ်ခါတလေတော့ ကျောင်းသားလေးများကို လျှော်ခိုင်းလေ့ရှိပါသည်။ အထူးသဖြင့် ကျောင်းသားလေးများကို လျှော်ခိုင်းဖြစ်လျှင်တော့ ကိုယ့်ကိုယ်ကို သရော်သည့်အပြုံးတစ်ခုကို ပြုံးဖြစ်မြဲ ဖြစ်ပါသည်။ ဆရာတော့်စကားတစ်ခွန်းကို သတိရလိုက်သောကြောင့် ဖြစ်သည်။

"သင်္ကန်းလျှော်တာပဲ ကိုရင်လေး ကျောင်းသားလေး လျှော်ခိုင်းရင် ရတာပေါ့။ ဒါပေမယ့် ကိုယ့်ကိုယ်ကို ပြန်ပြီးခိုင်းရတယ်ဗျ"

ထိုစကားသည် မိမိတို့ကိုပြောသည်မဟုတ်။ ဆရာတော်က ကိုယ့်ကိုယ်ကို ပြန်ပြောသောစကားဖြစ်သည်။

သူသည် ဆရာတော့်ကို စံထားသည်ဟု ဆိုသော်လည်း လက်တွေ့မပါသော စံထားမှုသာ ဖြစ်သည်။

သူသည် ဆရာတော့်ကျောင်းတွင် ဆယ်စုနှစ်တစ်စုနီးပါး နေခဲ့သည်။ ထိုကာလအတွင်း သူကိုယ်တိုင် ဆရာတော့် သင်္ကန်းကို တစ်စုံတစ်လေမျှ လျှော်မပေးခဲ့ဖူး



သလို တခြားကိုရင် ဦးဇင်းတွေ လျှော်ပေးခဲ့သည်ကိုလည်း မတွေ့ခဲ့ရပါ။ မြန်မာပြည် သာသနာ့သမိုင်းတွင် ကိုယ့်သင်္ကန်းကိုယ် လျှော်ဝတ်ခဲ့သော ဆရာတော်တချို့ ရှိခဲ့ပါလိမ့်မည်။ သို့သော် ထိုဆရာတော်များကို သူ မသိခဲ့ပါ။ သူ သိသည်မှာ သူ့ဆရာတော်တစ်ပါးသာ ဖြစ်ပါသည်။ သူ သိရသလောက် ဆရာတော့်ရေချိုးခန်းထဲတွင် အဝတ်လျှော်စက်လည်း မရှိပါ။ သက်တော်ခြောက်ဆယ်ကျော် ဆရာတော်တစ်ပါး သင်္ကန်းကို ကိုယ်တိုင်လျှော်၊ ကိုယ်တိုင်ရုပ်၊ ကိုယ်တိုင်ခေါက်၊ မြင်ကွင်းအားလုံးသည် သမိုင်းတစ်ခု၏ ရှားပါးပုံရိပ်တစ်ခု ဖြစ်နေပါလိမ့်မည်။

သူ၏အတွေးများ မဆုံးခင်မှာဘဲ သူ၏ သူငယ်ချင်း ပြန်ဆင်းလာသည်။

သူသည် သူငယ်ချင်း၏မျက်နှာကို ရဲရဲ မကြည့်ရဲပါ။

သို့သော် ...

သူ့သူငယ်ချင်းများက သူ၏ပခုံးတစ်ဖက်ကို နူးညံ့စွာ လာဖက်ပါသည်။

" . . . . . . . . . "

သူ့နာမည်ကို ခေါ်လိုက်သည်ဟု ထင်ပါသည်။

သူငယ်ချင်း၏အသံက အလွန်ငြိမ်းတိတ်ပြီး အလွန်နူးညံ့နေပါသည်။

သူ ဘာမှ ပြန်မပြောဖြစ်ပါ။ သူငယ်ချင်းဆီက

www.burmeseclassic.com



ဖွ ... လွဲပါစေ၊ ဖယ်ပါစေ။ သူ့အစ်ကိုဆရာ သေလို့မဖြစ်သေးပါ။

သူ့အစ်ကိုဆရာသည် သာသနာတွင် "မရှိမဖြစ်မိုး" ဖြစ်ပါသည်။ သူငယ်ချင်းက စကားထပ်ဆက်သည်။

"တကယ်လို့ ဒီကြားထဲ မင်းသေသွားမယ်၊ ဒါမှမဟုတ် အာရုံတစ်ခုကြောင့် လူထွက်သွားမယ်ဆိုရင် ကိုယ်ဖြစ်ချင်တာလေးမှ ဖြစ်နိုင်ချေလည်း ရှိပါလျက်နဲ့ ဖြစ်ခွင့်မရလိုက်ဘူးဆိုရင် လူ့ဘဝရလာတာ ဘာအဓိပ္ပာယ်ရှိတော့မလဲ။ ငါကွာ မင်းကို စာချဘုန်းကြီးတစ်ပါးအဖြစ် သိပ်မြင်ချင်တာပဲ"

မနေ့က ထိုစကားများကိုပြောပြီး သူနှင့် သူ့သူငယ်ချင်းတို့ လမ်းခွဲခဲ့ပါသည်။ အိပ်မက်မက်ရခြင်းအကြောင်း လေးပါးတို့တွင် ရှေ့က တွေ့ကြုံ ပြောဆို ခံစားဖူးသော အာရုံကြောင့်လည်း မက်နိုင်သည်ဟုဆိုပါသည်။

ဖြစ်နိုင်ပါသည်။

မနေ့ညက သူ အမှန်တကယ် အိပ်မက်တွေ မက်ခဲ့ပါသည်။

သူသည် လက်ကျန်ကော်ဖီကို တစ်ခါတည်း မော့ သောက်လိုက်ပါသည်။

"ဦးဇင်း ဖုန်းလာတယ်"

ကျောင်းသားခေါ်သံကြောင့် သူ့အခန်းထဲမှ ဖုန်းရှိရာ ရုံးခန်းသို့ ခပ်သွက်သွက်ထွက်ခဲ့သည်။



စကားသံ ဆက်ထွက်လာသည်။

"တို့တွေဟာ ...လွန်ခဲ့တဲ့(၁၅)နှစ်လောက်က ကောင်းကင်ကြီးကို မော့ကြည့်ပြီး အိပ်မက်တွေ မက်ခဲ့ကြတယ်။ တို့တွေရဲ့ အိပ်မက်တွေက နံပါတ်တစ် ဓမ္မာစရိယ အောင်ဖို့၊ နံပါတ်နှစ် စာသင်တိုက်တစ်ခုမှာ စာချဘုန်းကြီး ဖြစ်ဖို့ပဲ။ မင်းဆိုရင် စာရေးဆရာဖြစ်ရေးတောင် ပါလိုက်သေးတယ်၊ တို့တွေဟာ အဲဒီအိပ်မက်တွေနဲ့ စာတွေသင်ခဲ့တယ်။

အခု တို့တွေ နံပါတ်တစ်အိပ်မက်ဖြစ်တဲ့ ဓမ္မာစရိယကို အောင်ခဲ့ကြပြီ၊ မင်းဆို မင်းသိပ်ဖြစ်ချင်လှတဲ့ စာရေးဆရာဘဝကိုတောင်အတိုင်းအတာတစ်ခုအထိ ရောက်လာခဲ့ပြီ၊ ငါ စကားတစ်ခွန်းပြောမယ်၊ ဒီစကားဟာ သစ္စာစကားပဲ၊ ငါ့ကိုယ်ငါထက် မင်းကို ပိုပြီးအထင်ကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းဖတ်ခဲ့တဲ့စာမေးပွဲ ပြင်ပဗဟုသုတစာတွေက ငါတို့ဒီတစ်သက် တော်ရုံနဲ့လိုက်မမီတော့ဘူး၊ တကယ်တော့ တို့တွေဟာ တစ်နေ့ သေရမှာပဲ၊ မသေခင် ကိုယ်ဝါသနာပါရာလုပ်ပြီး သေရတာက တန်ပါတယ်ကွာ။

မင်းအစ်ကိုလိုချစ်တဲ့ မင်းဆရာ ဦးနေမိန္ဒကို ကြည့်စမ်း၊ တောင်ကြီးပြန်ပြီး စာချလိုက်၊ ရန်ကုန်မှာနေပြီး စာချလိုက်နဲ့၊ သူ လူ့ဘဝရတာ ဘယ်လောက်တန်သလဲ၊ တို့သာသနာအတွက်လည်း ဘယ်လောက် အရေးတော်သလဲ၊ အခုနေ သူသေသွားရင်တောင် သေပျော်တယ်"

www.burmeseclassic.com



"ဟလို"

"ငါပါဟာ၊ ငါ ဒီနေ့နေ့လည် ၂ နာရီကားနဲ့ ပြန်ဖြစ်တယ်၊ အဲဒါ မင်းကိုလှမ်းပြောတာ၊ ငါကွာ ညက မင်းကို အိပ်မက်တွေမက်နေတယ်၊ အိပ်မက်ထဲမှာ မင်းက စာချဘုန်းကြီးတဲ့၊ ငါ တကယ်မက်နေတာ၊ မင်းကို နောက်နေတာ မဟုတ်ဘူး"

"မင်း ငါ့ကိုနောက်နေတာ မဟုတ်ဘူးဆိုတာ ငါ ယုံပါတယ်။ မင်းရဲ့အိပ်မက်ထဲမှာ ငါက ပဋ္ဌာန်းစာဝါ ပို့ချနေတာ မဟုတ်လား"

"ဟင် ... မင်း ဘယ်လိုလုပ်သိလဲ"

"လောကကြီးမှာ အပြင်ထုတ်ပြောခွင့်မရတဲ့ စကားတချို့ရှိတယ်"

"ဘုရားရေ ... "

သည်တစ်ခါ ဘုရားရေ တ,သူမှာ သူ မဟုတ်ပါ။ သူ့သူငယ်ချင်းသာဖြစ်ပါသည်။

"ငါ သိပ်ပျော်တယ်ကွာ သိလား၊ ငါ ဖုန်းချလိုက်တော့မယ်ကွာ"

သူ့သူငယ်ချင်းက ကျေနပ်စွာပြောပြီး ဖုန်းချသွားပါသည်။

သူ ရုံးခန်းက ထွက်လာတော့ ကောင်းကင်ကြီးကို မော့ကြည့်လိုက်သည်။ ကောင်းကင်ကြီးထဲတွင် သူ၏ အိပ်မက်တချို့ကို တွေ့လိုက်ရသည်။

BURMESE CLASSIC .com



သူ၏ ခြေလှမ်းများသည် ယခင်လှမ်းနေကျ အတိုင်း ဖြစ်မနေခဲ့ပါ။ နှေးနေသလား၊ မြန်နေသလားလည်း သူ သတိမထားမိပါ။

"ဦးဇင်း"

"ဟင်"

ခေါ်သံကြောင့် သူ့ဘေးဘက်ဆီကို ကြည့်လိုက်တော့ သူ့ကို သိမ်ထပ်မည်ဟု လျှောက်ထားဖူးသော ယောဂီဒကာမကြီးတစ်ယောက်။

"ဦးဇင်း ... ခြေလှမ်းတွေက အမှတ်လည်း မပါဘူး"

"ဟုတ်တယ်၊ ဦးဇင်းခြေလှမ်းတွေမှာ အမှတ်တော့ မပါဘူး၊ ဒါပေမယ့် အိပ်မက်တွေပါတယ် သိလား၊ အိပ်မက်တွေနဲ့ လှမ်းနေတာ"

"ဘုရားရေ ... အိပ်မက်တွေနဲ့ လှမ်းနေတာတဲ့၊ ကြား ... ကြားဖူးပေါင်"

သူသည် ဒကာမကြီးကို ပြန်ရှင်းပြမနေခဲ့ပါ။

အိပ်မက်ပါသောခြေလှမ်းများဖြင့်သာ သူ ဆက်လှမ်းနေခဲ့ပါသည်။

မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်
(၄၅)မှတ်ပြည့် ဗဂူဇင်း
ဇန်နဝါရီလ၊ ၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com






# ပျံလွန်တော်မူသွားသော ဦးဇင်းလေးတစ်ပါးအကြောင်း

အရှင်ဓမ္မပိယ (ဓမ္မာစရိယ)
သက်တော် (၂၄)နှစ်
ဝါတော် (၄)ဝါ
ကလောင်အမည် – သကျသွေး
(၁၈.၉.၂၀၀၃ ခုနှစ်တွင် ပျံလွန်တော်မူသည်။)

* * *

ကျောင်းဝန်းထောင့်ရှိ အုတ်ဂူဖြူဖြူလေးကို တွေ့လိုက်ရတော့ သူသည် ကြောက်လန့်စိတ်အလျဉ်းဖြစ်မသွားခဲ့ပါ။ တကယ်ဆို နေဝင်ခါစ သည်အချိန်လေးသည် ကြောက်လန့်စိတ်ဖြစ်ဖို့ အကောင်းဆုံးဖြစ်သည်။

သို့သော် သူ ကြောက်လန့်စိတ် ဖြစ်မသွားခဲ့ပါ။ ဂူမျက်နှာပြင်တွင် တွေ့လိုက်ရသော စာကြောင်း

www.burmeseclassic.com

www.burmeseclassic.com



လေးများက ကြောက်လန့်စိတ်နေရာကို အစားထိုးဝင်သွားလေသလားမသိ။ ပြီးတော့ အုတ်ဂူဖြူဖြူပေါ်တွင် "ဘဝဆက်တိုင်း သံသယဖြင့် နှိပ်စက်ခံရသူအဖြစ်မှ ကင်းလွတ်ရပါလို၏" ဟူသော စာသားလေးကိုလည်း တွေ့လိုက်ရပါသည်။ သူသည် ကြောက်လန့်စိတ်ထက် စိတ်ဝင်စားသည့်စိတ်က ပိုများသွားသည်။

သူသည် သည်မြို့ကလေးသို့ ညတရားဟောဖို့ နေ့လည်(၃)နာရီခွဲလောက်ကမှ ရောက်လာခဲ့ခြင်းဖြစ်သည်။ ပြီးတော့ သည်မြို့ကလေးသည် သူ့အတွက် ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းလည်းဖြစ်သည်။

တရားပွဲက ည(၇)နာရီမှ စမှာဆိုတော့ အချိန်ရသေးသည်နှင့် ကျောင်းအောက်သို့ ဆင်းခဲ့သည်။ လမ်းလျှောက်ရင်းဖြင့် သည်နေရာကလေးသို့ သူရောက်လာခဲ့ခြင်းဖြစ်သည်။

"အသက်(၂၄)နှစ်ဆိုတာ လောကမှာ နေလို့အကောင်းဆုံးအရွယ်လေး၊ ဘာဖြစ်လို့ပါလိမ့်၊ ပြီးတော့ စာရေးတဲ့ဦးဇင်းလေးတဲ့။ ပြီးတော့ စာရေးသည်ဆိုတော့ သူ့အတွက် ပို၍စိတ်ဝင်စားစရာ ဖြစ်သွားသည်။ ကို"သကျသွေး" ဆိုသော ကလောင်နာမည်လေးကို မဂ္ဂဇင်းတချို့တွင် တစ်ပုဒ်စ နှစ်ပုဒ်စတော့ တွေ့ဖူးသည်။ များများတော့ မတွေ့ဖူး၊ သူ မဖတ်ဖြစ်သည့် မဂ္ဂဇင်းများတွင် ရေးနေတာလည်း ဖြစ်နိုင်သည်။



သူ့အသက်နှင့်တွက်လျှင် ဆယ်စုနှစ်တစ်စု ငယ်သော ဦးဇင်းလေး။ စာပေလောကအတွက် ကလောင်တစ်ချောင်း ဆုံးရှုံးသွားသလို သာသနာအတွက်လည်း ရဟန်းတစ်ပါး ဆုံးရှုံးသွားခြင်းဖြစ်သည်။

ပျံလွန်တော်မူသည့် နေ့စွဲကိုကြည့်တော့ ဘာမျှမကြာသေး၊ တစ်နှစ်ကျော်မျှသာ ရှိသေးသည်။ အုတ်ဂူလေးပင် သစ်သစ်လွင်လွင် ရှိနေဆဲ။ သူသည် ၂၄ နှစ်အရွယ်တုန်းက စာတွေရေးနေခဲ့သည်။ ပြီးတော့ ဓမ္မာစရိယတန်းအတွက် စာတွေလည်း ကျက်နေခဲ့သည်။ အုတ်ဂူထဲက ဦးဇင်းလေးလည်း သည်အတိုင်းသာ ဖြစ်နေလိမ့်မည်။

သူသည် ညနေခင်းများစွာကို ပုံစံမျိုးစုံဖြင့် ဖြတ်သန်းခဲ့ဖူးပါသည်။ အပြုံးနှင့်လည်း ဖြတ်သန်းဖူးသည်။ အမုန်းနှင့်လည်း ဖြတ်သန်းဖူးသည်။ အလွမ်းနှင့်လည်း ဖြတ်သန်းဖူးသည်။ အမောနှင့်လည်း ဖြတ်သန်းဖူးသည်။ အပျော်နှင့်လည်း ဖြတ်သန်းဖူးသည်။ ကြောက်လန့်စိတ်နှင့်လည်း ဖြတ်သန်းဖူးသည်။ သည်ညနေခင်းလေးကတော့ ကြောက်စိတ်နှင့် ဖြတ်သန်းနေတာ မဟုတ်တာတော့ သေချာပါသည်။

သူသည် ပင့်သက်ကိုရှိုက်ရင်း အုတ်ဂူနားသို့ တိုးသွားမိသည်။ အုတ်ဂူလေးကို လက်နှင့်ထိလိုက်တော့ ကြမ်းရှရှ အင်္ဂတေသားသည် သူ၏နှလုံးသားကို လာ၍ထိသယောင်၊ ထိလက်စလက်ကို ချက်ချင်းမရုပ်မိ။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ပျံလွန်တော်မူသွားပါလိမ့် ... တစ်ခုခုများ ဖြစ်ခဲ့လို့လား ...။

သူတွေးနေဆဲမှာပင် သူ့နောက်မှ ခြေသံသဲ့သဲ့ ကြားရသည်။ လှည့်ကြည့်လိုက်တော့ သည်ကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်၊ သက်တော်(၈၀)ခန့် ရှိပြီဖြစ်သော ဆရာတော်သည် တောင်ဝှေးကို အားပြုထားသည်။ မျက်မှန်ထူထူ၊ သင်္ကန်းအညိုရောင်ရင့်ရင့်နှင့် ဇရာ၏လက္ခဏာကို ပြနေသော်လည်း ဆရာတော်တစ်ပါးအဖြစ် ပို၍ သပ္ပာယ ဖြစ်နေပါသည်။

ဆရာတော် သူ့အနားရောက်လာတော့ လက်အုပ်ချီပြီး အရိုအသေ ပေးလိုက်သည်။

"ဦးဇင်းလေးက အုတ်ဂူလေးကိုကြည့်ပြီး စိတ်ဝင်စားနေပုံရတယ်"

"မှန်ပါဘုရား"

"ဒီအကြောင်းတွေကို တပည့်တော် ဘယ်သူ့မှလည်း ပြောပြမနေချင်တော့ပါဘူး။ ပြောမပြမိအောင်လည်း သတိထားပါတယ်။ ဦးဇင်းလေးကတော့ စာလည်းရေး တရားလည်းဟောတော့ အများနဲ့ဆက်ဆံနေရတာဆိုတော့ နည်းနည်းလောက်တော့ ပြောပြချင်တယ်။ ပြီးတော့ သူက ဦးဇင်းလေးလိုပဲ စာရေးတယ်၊ စာရေးဆရာ သိပ်ဖြစ်ချင်တာ၊ မဂ္ဂဇင်းတွေမှာ ဆယ့်လေးငါးပုဒ်လောက်တော့ ပါဖူးတယ်"

"ပြောပြပါဘုရား၊ ပြီးတော့ ဂူလေးကိုကြည့်ပြီး



တပည့်တော်ကိုယ်တိုင်လည်း စိတ်ဝင်စားနေပါတယ်ဘုရား"

သူသည် ဆရာတော့်ကို တုံ့ပြန်စကား အမြန်ပြောလိုက်ရသည်။

"ဒီဦးဇင်းလေးက ဒီမြို့ကပဲ၊ မိဘတွေကလည်း အတော်အသင့် ချမ်းသာကြပါတယ်။ တပည့်တော်ပဲ အခြေခံစာတွေ သင်ပေး၊ တပည့်တော်ပဲ မန္တလေးက စာသင်တိုက်ကို ကိုယ်တိုင်ပို့ပေးခဲ့ရတာ၊ ဟိုတစ်နှစ်ကပဲ ဓမ္မာစရိယတန်းမှာ သီလက္ခန်တစ်ကျမ်းအောင်လို့ဆိုပြီး သင်္ကန်းတစ်စုံ ဆုချလိုက်ရသေးတယ်။ လိုရင်းပြောရရင်တော့ ဦးဇင်းလေးရယ် သူနေတဲ့စာသင်တိုက်မှာ ဦးဇင်းတစ်ပါးက သရီးရိုင်ဖယ်ဆိုတဲ့ သင်္ကန်းတစ်စုံ ပျောက်တယ်တဲ့။ ပျောက်တဲ့ဦးဇင်းက တပည့်တော်ရဲ့ဦးဇင်းလေးကို စွပ်စွဲတယ်ပေါ့လေ။ နောက်ဆုံး ဘယ်အထိဖြစ်လာသလဲဆိုတော့ ကျန်တဲ့ဦးဇင်းတွေကပါ ယုံလာပြီး စကားတွေ၊ ဘာတွေ မပြောကြတော့ဘူးတဲ့၊ ပိုဆိုးတာကတော့ ဆွမ်းအတူမစား ကြတော့တာဘဲ။ သူများပစ္စည်းခိုးရင် ပါရာဇိကကျတာဆိုတော့ ပါရာဇိကကျတဲ့ ဦးဇင်းနဲ့ ဆွမ်းအတူမစားချင်ကြတဲ့ သဘောပေါ့လေ။

အားလုံးက ဝိုင်းကြဉ်ထားတော့ ဦးဇင်းလေးလည်း တော်တော်လေး အထီးကျန်လာပုံရတယ်။ နောက်တော့ သူ ကျောင်းထိုင်ဆရာတော်ကို သွားလျှောက်ပြလိုက်တယ်။ ဆရာတော်က ချက်ချင်း သံဃာကုန်ခေါ်ပြီး ဩဝါဒပေးတယ်။ တပ်အပ်မမြင်ဘဲနဲ့ မစွပ်စွဲဖို့ပေါ့လေ။ သံဃာကြား

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဦးဇင်းလေးက လှူးလှိမ့်ငိုနေတယ်တဲ့။ သူမဟုတ်တဲ့ အကြောင်းလည်း ကျိန်ပြီး ပြောတယ်တဲ့။ နောက်ဆုံးတော့ သူ့ဇာတိဖြစ်တဲ့ တပည့်တော်ရဲ့ ဒီကျောင်းကို ပြန်ရောက်လာတော့တာပဲ။ သူရောက်လာတဲ့အချိန်က တပည့်တော် ဆွမ်းစားနေတဲ့အချိန် (၁၁)နာရီလောက်ရှိပြီ။ ဒါနဲ့ တပည့်တော်ကလည်း "ဦးဇင်း တစ်ခါတည်း ဝင်ဘုဉ်းပေးလိုက်" လို့ ပြောလိုက်တယ်။ ဒါပေမယ့် သူက ဘာပြန်ပြောသလဲဆိုတော့ "ဆရာတော်လည်း တပည့်တော်ကို ယုံမှာ မဟုတ်ပါဘူး၊ တပည့်တော်ကို တစ်ပါးတည်းပဲ ပြင်ပေးပါ"တဲ့။ တပည့်တော်ကလည်း "ဟဲ့ ... ဦးဇင်း ဘာတွေပြောနေတာလဲ၊ လာ ... တစ်ခါတည်း ဒီမှာဝင်ဘုဉ်းပေး"လို့ ထပ်ပြောပေမယ့် သူက အကြောက်အကန် ငြင်းနေတာနဲ့ နောက်ဆုံးတော့ သူစိတ်ချမ်းသာပါစေဆိုပြီး ပြင်ကျွေးခိုင်းလိုက်တယ်။ နောက်ရက်တွေမှာလည်း အဲဒီအတိုင်းပဲ တစ်ပါးတည်းပဲ စားတယ်။ ဘယ်သူနဲ့မှလည်း စကားမပြောဘူး။ ပြီးတော့ ကျောင်းထောင့်က မန်ကျည်းပင်အောက်မှာ အမြဲသွားသွား တရားထိုင်တယ်။ ဒီကိုရောက်ပြီး (၁၅)ရက်မြောက်တဲ့ နေ့မှာပဲ ဦးဇင်းလေးရယ် ပြောရမှာတောင် စကားမထွက်ရက်ပါဘူး။ အဲဒီ သူတရားထိုင်တဲ့ မန်ကျည်းပင်မှာပဲ ကြိုးဆွဲချ ပျံလွန်တော်မူသွားတယ်"

"အို"

သူ့နှုတ်မှ အသံထွက်သည်အထိ အံ့ဩသွားပါ



သည်။ ဆရာတော်က စကားဆက်သည်။

"ပျံလွန်တော်မူတော့ သင်္ကန်းကြားထဲမှာ စာရွက်ကလေးတစ်ရွက် တွေ့ရတယ်။ ဘာရေးထားသလဲဆိုတော့ "ဘဝဆက်တိုင်း သံသယဖြင့် နှိပ်စက်ခံရသူအဖြစ်မှ ကင်းလွတ်ရပါလို၏"တဲ့။ တပည့်တော်တို့လည်း သူ ဘာတွေဖြစ်လာခဲ့တယ်ဆိုတာလည်း မသိရဘူး၊ တစ်မြို့လုံးကလည်း စိတ်မကောင်းကြဘူး၊ သူ့အမေဆိုတာကတော့ ပြောမနေပါနဲ့တော့။ အခုဆို ပျံလွန်တော်မူသွားတာ တစ်နှစ်ကျော်ပြီ ဆိုပါတော့"

"အဲဒီဦးဇင်းလေးက သင်္ကန်းကို တကယ်ကောယူမိလို့လားဘုရား"

"အဲဒါ ပြောမလို့ပဲ ... ပျံလွန်တော်မူပြီး သုံးလလောက်ကြာတော့ သူနဲ့တော်တော်ခင်တဲ့ သူ့ရဲ့သူငယ်ချင်း ဦးဇင်းတစ်ပါး ရောက်လာတယ်။ ရောက်လာတဲ့ ... သူ့သူငယ်ချင်းဦးဇင်းဆီကစကား ကြားရတော့မှ အားလုံးစိတ်မကောင်း ဖြစ်ကြရတယ်။ သင်္ကန်းပျောက်တဲ့ ဦးဇင်းလေးက သင်္ကန်းပျောက်သွားတာတော့ တကယ်ပျောက်သွားတာပဲ။ ဖြစ်ပုံက အဲဒီဦးဇင်းလေးက ဆွမ်းခံကြွနေတုန်း သူ့ရဲ့ ဦးလေးဘုန်းကြီးက တောကရောက်လာတယ်တဲ့။ မန္တလေးကို ပစ္စည်းလာဝယ်တာတဲ့။ သေတ္တာပေါ်က သင်္ကန်း ရိုင်ဖယ်သင်္ကန်းကို တွေ့သွားပြီး သဘောကျတာနဲ့ တူလည်းဖြစ်၊ တပည့်လည်းဖြစ်နေတာနဲ့ မပြောဘဲ ယူသွားလိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘူတာကို ချက်ချင်းဆင်းရတာဆိုတော့ ယူသွားတဲ့ အကြောင်း ဘယ်သူ့မှလည်း ပြောချိန်မရတော့ဘူးထင် တယ်။ အဖြစ်မှန်ကို ဘယ်သူမှမသိကြတော့ ပြဿနာ ဖြစ်ကြတော့တာပဲ။

နောက် တပည့်တော်ဦးဇင်းလေး ပျံလွန်တော်မူပြီး နှစ်လလောက်နေမှ သင်္ကန်းပျောက်တဲ့ ဦးဇင်းလေးက သူ့ရွာပြန်မှ ဦးလေးဘုန်းကြီးက သူ့ သင်္ကန်းယူသွားတဲ့ အကြောင်း ပြောပြတာတဲ့၊ အဖြစ်မှန်ကို သိရတဲ့အချိန်မှာ အာလုံးက လွန်ကုန်ပြီ။

တစ်ထွာလောက်ရှိတဲ့ လျှာတစ်ချောင်းဟာ သိပ်ကြောက်ဖို့ကောင်းတယ်။ ဘာမဟုတ်တဲ့ စကားတစ်ခွန်း ဟာ အသက်တစ်ချောင်းအထိ ဆုံးရှုံးသွားရတယ်။

တပည့်တော် အသက်ရှစ်ဆယ် နီးနေပါပြီ။ တော်ရုံ တန်ရုံကိစ္စကို အသက်အရွယ်အရ တရားနဲ့ဖြေလို့ ရပါ တယ်။ ဒီဦးဇင်းလေးကိစ္စကျတော့ ငယ်ငယ်လေးကတည်း က ကိုယ်တိုင်ပြုစုပျိုးထောင်ပေးခဲ့ရတဲ့ တပည့်ရင်းလေး ဖြစ်နေတော့ သံယောဇဉ်လည်း တော်တော်ဖြစ်မိပါတယ်။ အဲဒါကြောင့် စိတ်ထဲမှာ ကျေနပ်မရတော့ ဖြစ်မိတယ်။ နောက်ဆုံးတော့ သဗ္ဗေသတ္တာ ကမ္မသကာ သူ့ဝဋ်ရှိလို့ ခံရတာပဲလေလို့ နှလုံးသွင်းလိုက်ရတယ် ဦးဇင်းလေးရယ်"

ဆရာတော်က ဆက်တိုက်ပြောလိုက်ရလို့ ထင် သည်။ သည်မှာပင် စကားကိုရပ်ထားသည်။ စကားက



သည်မှာတင် မဆုံးသင့်သေးပါ။ သည့်အတွက် သူကပဲ စကားစလိုက်ရသည်။

"ဆရာတော်ဘုရား ဘုရားတပည့်တော် အထင် တော့ ဦးဇင်းလေးအနေနဲ့ ဒီနည်းနဲ့မဖြေရှင်းဘဲ တခြားနည်း တစ်ခုခုနဲ့ ဖြေရှင်းဖို့ကောင်းတယ်ဘုရား၊ ဖြေရှင်းနည်း မှားသွားတယ်ထင်တယ်ဘုရား"

"အင်း ... ဒါပေမယ့် ဦးဇင်းလေးရယ် ... ဝဇိရဗုဒ္ဓိ ဋီကာမှာ ဂါထာလေးတစ်ပုဒ်ရှိတယ်။

**ယေဘုယျေန ဟိ သတ္တာနံ၊ ဝိနာသေ ပစ္စုပဋ္ဌိတေ။**

**အနယောနယ ရူပေန၊ ဗုဒ္ဓိ မာဂမ္မတိဋ္ဌတိ။** တဲ့

အဓိပ္ပာယ်ကတော့ သတ္တဝါတွေဟာ ပျက်စီးဖို့ အချိန် တန်လာရင် နည်းဆိုး နည်းမှားဟာ နည်းမှန်ဟန်ဆောင်ပြီး စိတ်မှာထင်လာတတ်တယ်တဲ့။တကယ်တော့ ... လူဟာ ပျက်စီးဖို့ အချိန်တန်လာရင် ဘာနဲ့မှ ကာကွယ်လို့ မရတော့ပါဘူး။ ကဲ ... ကဲ ... ဦးဇင်းလေးလည်း တရား ဟောရဦးမယ် ကြွတော့ ... ကြွတော့"

"မှန်ပါဘုရား"

သူ ဆရာတော်ကို လက်အုပ်ချီပြီး အရိုအသေ ပေးရင်း နားနေဆောင်သို့ ပြန်ခဲ့သည်။ လှမ်းရသည့် ခြေလှမ်းတွေက သိပ်မသွက်ချင်၊ လေးတွဲ့ဖင့်နွေးနေသည်။ ဆရာတော်ကတော့ သူ့တပည့် ဦးဇင်းလေးလဲလျောင်းရာ အုတ်ဂူလေးနားမှာပဲ ရပ်ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ထွာလောက်ရှိသော လျှာတစ်ချောင်းကို သူ တော်တော်ကြောက်သွားပါသည်။ ပြီးတော့ မုန်းချင်စိတ်လည်း ပေါက်သွားပါသည်။

မြတ်စွာဘုရားလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ အရှင်သာရိပုတ္တရာလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ ဆရာတော် အရှင်ဇနကာဘိဝံသလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ မင်းကွန်းဆရာတော်ဘုရားကြီးလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ နပိုလီယန်လည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ ဟစ်တလာလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ မာသာထရီဇာလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ ဘင်လာဒင်လည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။

ထိုလျှာတစ်ချောင်းသည် မကြာခင် ပြာဖြစ်ရဦးမည်။ ပြာမဖြစ်ခင်တော့ ခန္ဓာကိုယ်၏အစိတ်အပိုင်းတစ်ခုအနေနှင့် အကောင်းအဆိုးတွေ ဖန်တီးနေဦးမည်။ ထိုလျှာတစ်ချောင်းကြောင့်ပင် သူကျင်လည်ရာ ဝန်းကျင်တွင်ရှိသော သတ္တဝါတို့သည် အမြင့်သို့လည်း ရောက်သွားနိုင်သည်။ အနိမ့်သို့လည်း ရောက်သွားနိုင်သည်။ အမှောင်ထဲသို့လည်း ရောက်သွားနိုင်သည်။ အလင်းထဲသို့လည်း ရောက်သွားနိုင်သည်။ လျှာတစ်ချောင်းသည် အဖြူအမဲကို



ကောင်းကောင်း ဖန်တီးနိုင်ပါသည်။

လျှာတစ်ချောင်းသည် ပြာဖြစ်သွားလျှင်ကော ဇာတ်သိမ်းသွားပြီဟု ဆိုနိုင်ပါမည်လား။

ဗုဒ္ဓဘာသာ၏ အဘိဓမ္မာသဘောတရားအရ ကံ,ကံ၏အကျိုးဆိုတာ ရှိသည်ပဲလေ။ ကံ,ကံ၏အကျိုးအရ အသက်ထင်ရှား ရှိစဉ် ပြုမူပြောဆိုခဲ့သော အမူအရာတို့သည် ကမ္မသတ္တိတစ်ခုအနေနှင့် ဟိုဘက်ဘဝအထိ ပါသွားပါလိမ့်မည်။ ပြာဖြစ်သွားလျှင်တော့ ဘာမှအယူခံခွင့် မရှိတော့။ သတ္တိအားလျော်စွာ သုဂတိ ဒုဂ္ဂတိ တစ်ခုခုက အသင့်ကြိုနေပါလိမ့်မည်။


ပြာမဖြစ်ခင် လျှာတစ်ချောင်းကို အမှီပြုပြီး တမလွန်၏ သုဂတိ ဒုဂ္ဂတိကို ကောင်းကောင်းဖန်တီးနိုင်ခွင့် ရွေးချယ်နိုင်ခွင့် ရှိနေသေးသည်။ ပြာဖြစ်သွားလျှင်တော့ ဖန်တီးနိုင်ခွင့် ရွေးချယ်နိုင်ခွင့် မရှိတော့ပါ။

ဘာပဲပြောပြော ည(၇)နာရီထိုးလျှင်ပင် သူ လျှာတစ်ချောင်းကို အသုံးပြုရပါဦးမည်။ သည်တော့လည်း သူ၏လျှာတစ်ချောင်းကို ကျေးဇူးတင်လိုက်ရပြန်ပါသည်။

မော်လမြိုင်ကျွန်းမြို့နယ်၊
ပရိယတ္တိသာသနာ့ဗျူဟာအသင်း
ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်း(၁၃၁၆-၁၃၆၆)

www.burmeseclassic.com






## အရှေ့ကိုလျှောက်ပါလို့

*သို့*

*ကျန်းမာပါစေ*

*သား ...*

*အမေ စာပြန်လိုက်ပါတယ်။*

သားရဲ့စာကိုဖတ်ပြီး အမေ ရွာမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ သားမသိဘူးနော်။ သားရဲ့စာထဲမှာ "ရန်ကုန်က ဒကာ ဒကာမတွေက ကိုရင့်ကို ပဥ္စင်းခံမှာဖြစ်လို့၊ အမေ ပဥ္စင်းခံမယ့် အစီအစဉ်ကို ဖျက်လိုက်ပါတော့"တဲ့။ ပြီးတော့ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်နေ့ ပဥ္စင်းခံမှာဖြစ်လို့ သီတင်းကျွတ်လပြည့်ကျော်(၅)ရက်နေ့ အရောက်လာခဲ့ပါ"တဲ့။

သားရဲ့စာက တိုတိုနဲ့ နည်းနည်းလေးပါ၊ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် အမေ့မှာ အများကြီးခံစားရပါတယ် သား၊ ဒီလိုခံစားမှုမျိုးဟာ ဒါပါနဲ့ဆို နှစ်ခါရှိပြီ သား၊ တကယ်တော့ ဖြစ်ခဲ့ပြီးတာတွေကို အမေ ပြန်မပြောချင်တော့ပါဘူး။ အမေ ခံစားရလွန်းလို့ ပွင့်လာတာပါ သား။ ဒီအကြောင်းတွေကို သား အပြည့်အစုံ မသိခဲ့ဘူး။ ဘယ်သိပါ့မလဲ ... သားက အဲဒီတုန်းက ငယ်သေးတာကိုး၊ သားသိအောင် အမေ နည်းနည်းပြန်ပြောချင်တယ် သား။

သား(၇)နှစ်သားအရွယ်မှာ သားအဖေဆုံးခဲ့တယ် သား။ အဲဒီတုန်းက သားရဲ့ညီမလေးက (၅)နှစ်၊ သားရဲ့ညီလေးက (၃)နှစ်ပဲ ရှိသေးတယ် သား။ ကလေး(၃)ယောက်နဲ့ အမေဟာ သားအဖေရဲ့လယ်လုပ်ငန်းကိုပဲ ဆက်ပြီးလုပ်ခဲ့တယ် သား။ လယ်လုပ်ငန်းဆိုတာ ယောကျ်ားတွေဦးစီးပြီးလုပ်ရတာ မဟုတ်လား သား။ ယောကျ်ားမရှိတော့တဲ့ အမေ့မှာတော့ သူရင်းငှားနဲ့ သူတစ်ဝက် ကိုယ်တစ်ဝက်ပုံစံမျိုး ဆောင်ရွက်ခဲ့ရတယ်။ ဒီကြားထဲ "ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ"ဆိုတဲ့အတိုင်း အမေတို့ ကံမကောင်းခဲ့ပြန်ဘူး သား။ နှစ်နှစ်ဆက်တိုက် မိုးတွေရွာလို့ လယ်တွေရေနစ်တဲ့အတွက် စပါး သိပ်မရခဲ့ပြန်ဘူး သား။ ဒီလိုနဲ့ **သား(၉)နှစ်သားအရွယ်** ရောက်လာတယ် **သား။**

(၉)နှစ်ဆိုတာ "မဂဏန်း"ဆိုတော့ ဗေဒင်ကိန်းဂဏန်းအရ ရှင်ပြုလို့ကောင်းတဲ့အရွယ်ပဲလေ။ အဲဒီတော့



သားကို ရှင်ပြုဖို့အရေး အမေ တွေးရတော့တာပေါ့ သား။ အမေတွေးသလို တွေးကြတဲ့သူတွေကလည်း ရှိနေပြန် တယ် သား။ တခြားတော့ မဟုတ်ပါဘူး။ သားရဲ့အမေကြီး အဘကြီးတွေလေ၊ အမေ့ရဲ့ ယောက္ခမတွေပေါ့ သား။

တစ်ညနေမှာ သားရဲ့အမေကြီး အဘကြီးတွေက အမေ့ကို လူလွှတ်ပြီး ခေါ်တယ်လေ။ အမေလည်း တစ်ခါတည်း လိုက်သွားဖြစ်လိုက်ပါတယ် သား။ အိမ်ရောက်တော့ ထင်တဲ့အတိုင်းပါပဲ၊ သားရဲ့အမေကြီး အဘကြီးတွေက "ဒီမယ် နှင်းမြ ... ပွင့်ပွင့်လင်းလင်းပဲ ပြောကြရအောင်" "ငါတို့မြေးဟာ ရှင်ပြုရမယ့်အရွယ် ရောက်နေပြီ"တဲ့၊ "ငါတို့မြေးကို ငါတို့ မျက်စိမမှိတ်ခင် ငါတို့ပဲ ရှင်ပြုချင်တယ်"တဲ့၊ "ငါတို့အနေနဲ့ ခမ်းခမ်းနားနားနဲ့ ကြီးကြီးကျယ်ကျယ် ပြုပေးမယ်၊ ငါတို့ကိုပေးပါ"တဲ့ သား။ အဲဒီစကားကြားရတော့ အမေ ဘယ်လောက် ခံစားရတယ် ထင်သလဲ သား။ ရူးမတတ်အောင်ပါပဲ သား၊ အမေ့ကို အတ္တဆန်တယ်ပဲပြောပြော ကိုယ့်သားကို ကိုယ်တိုင်ပဲ ရှင်ပြုချင်တယ်၊ ဘယ်သူ့ကိုမှ မပေးချင်ဘူး သား။ အဲဒီစကားကို စိတ်ထဲက ပြောသာပြောရတယ်၊ အင်အားတော့ မရှိလှပါဘူး သား၊ ဘာဖြစ်လို့လဲဆိုတော့ လယ်တွေက ဆက်တိုက်ရေနစ်ထားတော့ ငွေကြေး မပြည့်စုံဘူးလေ။ မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြုမယ်ဆိုရင်တော့ ရတာပေါ့။ ရွာဦးကျောင်းက ဘုန်းကြီးကို အကျိုးအကြောင်းပြောပြီး

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့မှမဖိတ်ဘဲနဲ့ အကျဉ်းချုံးပြလိုက်လို့ ရတယ်လေ၊ ဒါပေမယ့် သားရယ်၊ သားကို ငဲ့ရသေးတာပေါ့၊ အဲဒီလို လည်း အမေ မလုပ်ရက်ပြန်ဘူး သား။

ဒီလိုဖြစ်သလို အကျဉ်းချုံးပြီး ပြပေးလိုက်ရင် သား ဘယ်လိုခံစားရမလဲ၊ ကလေးပဲ သား၊ အိမ်ရှေ့မှာ မဏ္ဍပ်ကြီးထိုး၊ မြင်းတွေနဲ့လှည့်၊ ရွာနီးဝန်းကျင်က လာသမျှ ဧည့်သည်တွေကို ထမင်းအဝကျွေး၊ ညကျတော့ ဆိုင်းနဲ့ ဧည့်ခံပေါ့၊ ကလေးပီပီ အဲဒီလိုဖြစ်ချင်မှာပဲလေဆိုပြီး သားရဲ့အမေကြီး အဘကြီးတွေကို ရှင်ပြုခွင့် ပေးလိုက် ရတယ် သား။

ဟုတ်လည်းဟုတ်ပါတယ် သား၊ သားရဲ့အမေကြီး အဘကြီးတွေက သားရဲ့ရှင်ပြုပွဲကို ခြိမ့်ခြိမ့်သဲသဲ ပြုပေးခဲ့ ပါတယ် သား။ ရှင်လောင်းလှည့်တဲ့အခါ မြင်းနဲ့လှည့်ပြီး ညကျတော့ ရန်ကုန်က “မြဖိုးသာအောင်”ဆိုင်းနဲ့ ဧည့်ခံခဲ့ တယ်လေ။ သားကတော့ ပြုံးလို့ရွှင်လို့ပေါ့။ အမေကတော့ ကိုယ်တိုင် ရှင်မပြုနိုင်ဘူးဆိုတဲ့အသိနဲ့ မပျော်နိုင်ခဲ့ပါဘူး သား။ ဒါတင် ဘယ်ကမလဲ သားရှင်ပြုတဲ့နေ့က ဆံချတော့ လည်း ကိုယ့်သားခေါင်းက ရိတ်ချလိုက်တဲ့ ဆံပင်တွေကို ပိတ်ဖြူနဲ့ ကိုယ်တိုင် ခံယူချင်တာပေါ့ သားရယ်။ ရှင့် ဒါယိကာမ မဟုတ်လေတော့ အခွင့်အရေးက မသာခဲ့ပါ ဘူး။ သားရဲ့ အဘိုးအဘွားတွေကပဲ ဆံခံကြတယ်။ မနက် ရှင်လောင်းလှည့်တုန်းကလည်း သားဆီးမယ့် သင်္ကန်း



ထည့်ထားတဲ့ မောင်းထောင်ခွက်ကို အမေ့ရင်ခွင်မှာ ပိုက် ခွင့်မရခဲ့ဘူး သား။ အခု သိတတ်တဲ့အရွယ် ရောက်နေ ပြီဖြစ်တဲ့ သားဟာ ရှင်ပြုတုန်းက အမေဘယ်လို ခံစားရ မလဲဆိုတာ စဉ်းစားကြည့်ပါ သား။ “အရှေ့ကို လျှောက်ပါ လို့ အနောက်ကိုတဲ့မျှော်လိုက်ရင်”သီချင်းဟာ ဆံခံခွင့် မရ တဲ့ အမေ့ရဲ့အသည်းကို ဓားပါးပါးနဲ့ မွှန်းသလို ခံစားခဲ့ ရတယ် သား။ အဲဒီတုန်းက အမေမုဆိုးမတစ်ယောက် ခံစားခဲ့တာတွေဟာ စိတ်အမာရွတ်အဖြစ်နဲ့ ဒီနေ့အထိ ကျန်နေပါသေးတယ် သားရယ်။ ရှင်လောင်းအသွင်းမှာ တီးလိုက်တဲ့ ဗျောစည်သံဟာ အမေ့ရင်ကို ဝေဒနာများစွာ ဖိစီးခဲ့ပါတယ် သား။ သားရှင်ပြုလို့ အမေပျော်နေရမယ့် အချိန်မှာ ပျော်ဖို့အခွင့်မသာခဲ့ဘူး သားရယ်။

ဒီလိုနဲ့ သားဟာ သင်္ကန်းဝတ်နဲ့ မထင်မှတ်ဘဲ မြဲသွားတယ်လေ။ အဲဒီတော့ ဘုန်းကြီးက သားကို စာသင် ဖို့အတွက် ရန်ကုန်က စာသင်တိုက်ကို ပို့ပေးခဲ့တယ်လေ။ အဲဒီမှာ အမေ့အတွက် မျှော်လင့်ချက်တစ်ခု ရလိုက်ပြန် တယ် သား။ ဘာလဲဆိုတော့ ကိုယ်တိုင် ရှင်မပြုလိုက် နိုင်ပေမယ့် ပဉ္စင်းခံတာကိုတော့ ကိုယ်တိုင် ပဉ္စင်းခံရတော့ မယ်ဆိုတဲ့ မျှော်လင့်ချက်ပါပဲ သား။

တကယ်တော့ ... ကံကြမ္မာဟာ အဆန်းပဲ သား။ လူတစ်ယောက်ဟာ အမြဲတမ်း နိမ့်ကျမနေသလို၊ အမြဲ တမ်းလည်း မြင့်မနေပါဘူး သား။ လမိုက်ညတွေချည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မနေသလိုပေါ့ သားရယ်။ ဟုတ်တယ်သား ... အမေတို့ ကံကောင်းတယ်ပဲ ပြောရမလား မသိဘူး။ သား စာသင်တိုက် တက်ပြီး နောက်ပိုင်းမှာ အမေတို့လယ်တွေ တအားကောင်း ခဲ့တယ် သား။ အဲဒီတော့ အမေ့အတွက် သားကို ပဉ္စင်း ခံရတော့မယ်ဆိုတဲ့ မျှော်လင့်ချက်ဟာ ပိုပြီးဖြစ်ရတာပေါ့ သား။ အမေ အလုပ်ကို ကြိုးစားပြီး လုပ်ဖြစ်တယ်၊ ကြိုးစား သလောက်လည်း အကျိုးဖြစ်ထွန်းခဲ့ပါတယ် သား။

သားကို ပဉ္စင်းခံဖို့ တစ်နှစ်အလိုမှာပဲ သား အတွက် သင်္ကန်းပရိက္ခရာအားလုံးကို ဝယ်ပြီးဖြစ်နေတယ် သား။ ဧည့်ခံကျွေးမွေးဖို့ အစီအစဉ်အားလုံးကိုလည်း စိတ်ကူးနဲ့ စီစဉ်ပြီးသား ဖြစ်နေခဲ့တယ် သား။

ဒီလိုနဲ့ပဲ သားကို ပဉ္စင်းခံဖို့ (၃)လလောက်အလို မှာ သားရဲ့စာကို ဖတ်ရတော့တာပဲ သား။ မုဆိုးမ တစ်ယောက်အတွက် မျှော်လင့်ချက်ဆိုတာ ဒါကိုပဲ ထား နိုင်ခဲ့တာ၊ အဲဒီမျှော်လင့်ချက် ပျောက်ပြီဆိုတော့ အမေ ဘယ်လိုခံစားရမလဲဆိုတာ သားတွေးသာ ကြည့်လိုက်ပါ တော့ သား။ မဖြစ်ဘူး သား ... သားကို လက်လွှတ်ခံလို့ မဖြစ်ဘူး၊ အမေ နှစ်ခါ မခံစားချင်တော့ပါဘူး။ ရန်ကုန်ကို သွားပြီး သားကို လုံးဝ မပေးနိုင်တဲ့အကြောင်း ပြောရမယ် ဆိုတဲ့ အတွေးဟာ ချက်ချင်းပဲ ဝင်လာခဲ့တယ် သား။

ရန်ကုန်ကိုမသွားခင် သားရဲ့စာကို ရွာဦးကျောင်း က သားရဲ့ဆရာဘုန်းကြီးကို သွားပြမိတယ် သား။ ပြီးတော့



သားကို လုံးဝမပေးနိုင်တဲ့အကြောင်းပါ တစ်ခါ တည်း လျှောက်ထားမိတယ်။ ဘုန်းကြီးက သားရဲ့စာကို ဖတ်ပြီး၊ သက်ပြင်းချတယ်။ ပြီးတော့ အမေ့ကို တွေပြီး တစ်ချက်ကြည့်တယ်၊ နောက် စက္ခုန္ဒြေချရင်း စကားကို ဖြည်းဖြည်းနဲ့ မိန့်တယ်သား။

"နှင်းမြ ... နှင် ဘယ်လိုခံစားရမယ်ဆိုတာ ငါသိပါတယ်"တဲ့။ "ငါတို့ တစ်မျိုးလှည့်တွေးကြည့်ရ အောင်"တဲ့၊ "နှင့်သား တစ်ခုခုလိုမယ်၊ ဒါမှမဟုတ် အရေး ပေါ် ကျန်းမာရေး ချို့ယွင်းမယ်၊ အဲဒီလို လတ်တလော ဖြစ်လာခဲ့ရင် နှင့်သားက ရန်ကုန်မှာ၊ နှင်က ရွာမှာ၊ နှင် ဘယ်လိုလုပ် ချက်ချင်းပြုစု စောင့်ရှောက်နိုင်မလဲ။ အဲဒီလို အချိန်မှာ နှင့်သားအနားမှာ ပဉ္စင်းခံထားတဲ့ ဒကာ, ဒကာမ တစ်ဦးဦးရှိနေခဲ့ရင် အဆင်မပြေနိုင်ဘူးလား"တဲ့၊ "လူစိမ်း ကို ဦးစားပေးလိုက်ပါ"တဲ့၊ "ကိုယ်က မိဘပဲ"တဲ့ သား။

ဘုန်းကြီးစကားဟာ အမေ့အတွက် အထိုက် အလျောက်ပဲ သက်သာစေခဲ့ပါတယ် သား။ ရာနှုန်းပြည့် မသက်သာစေပါဘူး သား။ ဒါပေမယ့် အမေ ဘုန်းကြီးကို ဘာတစ်ခွန်းမှ ပြန်မလျှောက်ခဲ့ပါဘူး။ ဦးချပြီး ခေါင်း ငိုက်စိုက် ငိုက်စိုက်နဲ့ပဲ အိမ်ပြန်ခဲ့တယ် သား။ အိမ်ပြန် ရောက်တော့ ဘာမှ လုပ်ချင်ကိုင်ချင်စိတ် မရှိတာနဲ့ အိမ်တိုင်ကိုမှီပြီး ထိုင်နေမိတယ် သား။ အဲဒီမှာထိုင်နေရင်း ဘာသွားတွေ့သလဲဆိုတော့ အမေ့ရဲ့တည့်တည့်က

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သေတ္တာပေါ်မှာ ဆရာချစ်စံဝင်းရဲ့ "အမေနှင့် အမေ့အကြောင်း"ဆိုတဲ့ စာအုပ်ပဲ သား။ အဲဒီစာအုပ် ကိုမြင်တော့ သားကို ပိုပြီးသတိရသွားပြန်တယ် သား။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီစာအုပ်က သားနဲ့ဆက်စပ်နေပြန်တယ်လေ။

မှတ်မိသေးလား သား။ သားရဲ့ညီမလေးနဲ့ ညီလေးက သိပ်ပြီးမလိမ္မာတော့ အမေက သားကို စာရေးပြီး တိုင်ခဲ့တယ်လေ။ သားက နွေရာသီကျောင်းပိတ်လို့ ရွာပြန်ကြွလာတော့ အဲဒီ"အမေနှင့် အမေ့အကြောင်း"ဆိုတဲ့ စာအုပ်ကို ဝယ်လာပြီး ညီမလေးနှင့် ညီလေးကို ပေးဖတ်ခဲ့တယ်လေ၊ ပြီးတော့ သားက ပြောသေးတယ်။ တရုတ်စကားပုံဆိုလား မသိပါဘူး။ "မိခင်ရဲ့မေတ္တာကို သိချင်ရင် သင်ကိုယ်တိုင် ကလေးမွေးကြည့်လိုက်ပါ"ဆိုတဲ့ စကားပုံလေးနဲ့ ဆုံးမခဲ့တယ်လေ။ ခုလဲ သားကို သားပြောခဲ့သလို ပြန်ပြောရမလို ဖြစ်နေပြီ သား။ အမေ့ခံစားမှုကို သိချင်ရင် သားကိုယ်တိုင်ပဲ အမေ့နေရာ က ခံစားကြည့်လိုက်ပါတော့ သားရယ်။

ဘာရယ်တော့မဟုတ်ပါဘူး သား၊ သားပေးခဲ့တဲ့ "အမေနှင့်အမေ့အကြောင်း"ဆိုတဲ့စာအုပ်ကို ပြန်ယူကြည့်မိတယ် သား။ ဟိုလှန်ဒီလှန်နဲ့ ဘာသွားတွေ့မိသလဲဆိုတော့ ဂျပန်ပုံပြင်လေးတစ်ပုဒ်ကို သွားတွေ့မိတယ် သား၊ ဆရာဦးသော်ဇင်က ဆရာချစ်စံဝင်းတို့အဖွဲ့ကို ပြောပြတဲ့ ပုံပြင်လေးပါ သား။



တစ်ခါက ဂျပန်ပြည်မှာ မိခင်မုဆိုးမကြီးနဲ့ သားတစ်ယောက် ရှိတယ်တဲ့။ မိခင်မုဆိုးမကြီးက သားကို ချစ်လွန်းလို့ အရွယ်ရောက်တဲ့အထိ ပြုစုလုပ်ကျွေးခဲ့ တယ်တဲ့ သား၊ ဒီလိုနဲ့ အဲဒီသားဟာ အရွယ်ရောက်လာ တော့ မိန်းကလေးတစ်ယောက်ကို ချစ်မိတယ်တဲ့၊ သူချစ်တဲ့အကြောင်းကို မိန်းကလေးကို သွားပြောတဲ့အခါ၊ မိန်းကလေးက ဘာပြန်ပြောသလဲဆိုတော့ "ကျွန်မမှာ သိပ်ချစ်ရတဲ့ ခွေးတစ်ကောင် ရှိတယ်၊ အဲဒီခွေးစားဖို့ ရှင့်အမေရဲ့အသည်းကိုရရင် ကျွန်မ ပြန်ချစ်မယ်"လို့ ပြောသတဲ့ သား။

ဒီတော့ သားဖြစ်တဲ့သူက အမေ့ဆီ အပြေးပြန်လာပြီး အမေ့ကို အကျိုးအကြောင်းပြောပြတော့ အမေက ချက်ချင်းပဲ ရင်ကိုဓားနဲ့ခွဲပြီး၊ အသည်းကို ပေးလိုက်သတဲ့ သား။ သားဖြစ်တဲ့သူက အမေ့အသည်းရတာနဲ့ ချစ်သူမိန်းကလေးကို ပေးဖို့ဆိုပြီး အပြေးသွားတော့တာပေါ့။ ပေးချင်ဇောနဲ့ အဆောတလျင်ပြေးတော့ လမ်းမှာ ခလုတ်တိုက်ပြီး လဲကျသွားသတဲ့ သား။ အဲဒီလို လဲကျသွားတော့ အမေ့အသည်းက ဘာပြောသလဲဆိုတော့ "သားလေး ... ဘယ်များနာသွားသေးလဲ"လို့ မေးသတဲ့ သား။ ပုံပြင်လေးဟာ ဒီမှာတင် အဆုံးသတ်သွားတယ် သား။ အသည်းက စကားပြောတဲ့ ပုံပြင်လေးပေါ့ သား။

ဒီပုံပြင်လေးကိုဖတ်ပြီး အမေ မျက်ရည်တွေခန်း ဖြစ်သွား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တယ် သား၊ ပြီးတော့ မိဘဆိုတာ ပေးဆပ်ခြင်းလို့ တစ်ဆက်တည်း နားလည်လိုက်ပြန်တယ် သား။ ဒါမျိုးဟာ ခုမှဖြစ်ပေါ်နေတာမှ မဟုတ်ဘဲ၊ ဟိုး ... ကမ္ဘာဦးအစကနေ ဒီနေ့အထိ နေ့စဉ်ဖြစ်နေတဲ့ လောကဓမ္မတာ တစ်ခုပဲလေ၊ အဲဒီအချိန်ကစပြီး အမေ အရာအားလုံးကို နားလည်ခဲ့ပါပြီ သား။ အဲဒီနားလည်မှုအနေနဲ့ အတွေးသစ်အသိသစ်တွေ ရခဲ့ပါတယ် သား။ ဒါကြောင့်လည်း သားဆီကို ဒီလိုစာမျိုး ရေးနိုင်တာပေါ့ သား။

ကဲ ... ထားပါတော့ သားရယ်၊ အမေ့စာလည်း အတော်ရှည်သွားပြီ၊ အဲဒီတော့ သားရဲ့စာပါအတိုင်း အမေ့ရဲ့ ပဌင်းခံဖို့ အစီအစဉ်အားလုံးကို ကျေကျေနပ်နပ်ပဲ ဖျက်လိုက်ပါတော့မယ် သား။ သားကို ပဌင်းခံကြမယ့် ရန်ကုန်က ဒကာ ဒကာမတွေကိုလည်း ... အမေက ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုတဲ့ အကြောင်းကိုပါ သားက တစ်ဆင့် ပြောပြလိုက်ပါသား။ ပြီးတော့ သားရဲ့ပဌင်းခံပွဲကို သားညီမလေး၊ ညီလေးတွေနဲ့အတူ အမေ အရောက်လာခဲ့ပါမယ်၊ ဒါပါပဲ သား ... ။

*ကျန်းမာပါစေ*

*အမေ*

ဗြတ်သတိဝါဒီသဒ္ဒမ္မ ဗဂ္ဂဇင်း
ဇန်နဝါရီလ ၊ ၂၀၀၁

www.burmeseclassic.com